# မြတ်ဗုဒ္ဓ နှင့် ကျောင်းအမကြီးဝိသာခါ

မြေလတ် သိန်းလွင်
ဦးသိန်းလွင်(ဓမ္မာစရိယ)



# မြတ်ဗုဒ္ဓ နှင့်
# ကျောင်းအမကြီး ဝိသာခါ

ငြွေလက် သိန်းလွင်

ဦးသိန်းလွင် (ဓမ္မာစရိယ)
ပြုစုသည်။

၁၃၅၂-ခုနှစ်၊ နတ်တော်လ ၁၉၉၀-ပြည့်နှစ်၊ ဒီဇင်ဘာလ

စာမူခွင့်ပြုချက် ၅၀/၉၀(၆)
မျက်နှာဖုံးခွင့်ပြုချက် ၅ /၉၀(၁၁)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅-ကျပ်
၁၉၉၀-ပြည့်နှစ်၊ ဒီဇင်ဘာလ။

**ထုတ်ဝေသူ** - ဦးမြသန်း (၁၁၀၅၁)
အသိုင်းအဝိုင်းစာပေ၊ ဗိုလ်ချုပ်၊ ကမ္ဘာအေး၊
ရန်ကုန်။

**အဖုံးရိုက်** - ဒေါ်ခင်သန်း (၀၁၉၇၂)
ဆယ်သန်းပုံနှိပ်တိုက်၊ ၁၆၅၊ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်။

အတွင်းရိုက် - ဦးဇော်ဝင်း (၀၁၃၇၅)
ဟံသာဝတီပုံနှိပ်တိုက်၊ ၃၄၉၊
ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်၊

ပြည်လုံးကျွတ်ဖြန့်ချိရေး
ပင်လုံစာပေ
အမှတ်၊ ၂၀၊ ကွင်းကျောင်း၊ ၁၊ လမ်း-အလုံ-ရန်ကုန်

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၏ အမှာစာ | .... | |
| ၂။ | ဦးဧသော်ဇင်၏ ဥာယျ ဇဉ် | .... | |
| ၃။ | ဒဂုန်ဦးစန်းငွေ၏ အမှာစာ | .... | |
| ၄။ | မာဂဓီ(သာစည်)၏ အမှာစာ | .... | |
| ၅။ | ဆရာကြီးဦးရန်အောင်နှင့်ဆရာကြီး ငွေဥဒေါင်းတို့၏ အမှာစာ | .... | |
| ၆။ | ဦးမြင့်စိုး၏ အမှာစာ | .... | |
| ၇။ | ဆရာတော် ဘဒ္ဒန္တဝိဇယ ၏ မိတ်ဆက်နိဒါန်း | .... | |
| ၈။ | စာရေးသူ၏ အမှာစာ | .... | |
| ၉။ | ပဏာမ | .... | ၂၁ |
| ၁၀။ | မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ | .... | ၂၅ |
| ၁၁။ | သူဌေးကြီး(၅)ဦး | .... | ၂၆ |
| ၁၂။ | ဇာတ်တော်ထဲက သာကေတမြို့သစ် | .... | ၂၈ |
| ၁၃။ | ကောင်းခြင်းငါးဖြာ ပြည့်မှသာ | .... | ၃၂ |
| ၁၄။ | ဝိသာခါ ဖြစ်ကြွားပြီ | .... | ၃၇ |
| ၁၅။ | မဟာလတာတန်ဆာဆင်ရင်ပုံ | .... | ၄၃ |
| ၁၆။ | ဝိသာခါသတို့သမီး၏ မိခင်ဆန္ဒ | .... | ၄၇ |
| ၁၇။ | ချွေးမတို့လိုက်နာရမည့် ကျင့်ဝတ်(၁၀) | .... | ၄၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈။ | ဖခင်၏ဩဝါဒစကားဆယ်ခွန်းအဓိပ္ပါယ် | .... | ၅၆ |
| ၁၉။ | ဝိသာခါ ဆွမ်းကပ်လှူပွဲ | .... | ၆၁ |
| ၂၀။ | မိဂါရ ဗုဒ္ဓ၏ခြေတော်သို့ | .... | ၆၃ |
| ၂၁။ | ဝိသာခါ သာသနာပြုပြီ | .... | ၆၆ |
| ၂၂။ | ရှေးဆုတောင်း ဟောကြားပုံ | .... | ၇၈ |
| ၂၃။ | စာရေးသူ၏ ဘဝနှင့်စာပေ | .... | ၈၁ |
| ၂၄။ | နိဂုံးမချုပ်ချင်သေးသောနိဂုံး | .... | ၉၀ |
| ၂၅။ | ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ သံဝေဂ လေးချိုး | .... | ၉၃ |
| ၂၆။ | လယ်တီဆရာတော်ဘုရားကြီး၏ သံဝေဂ တေးထပ် | .... | ၉၄ |
| ၂၇။ | ကျောင်းအမကြီးဝိသာခါကို အထူးကျေးဇူးတင်ရှိပုံ | .... | ၉၆ |
| ၂၈။ | ကျမ်းကိုးများ | .... | ၉၉ |

ပြင်ဆင်ဖတ်ရှုပါရန်–

စာမျက်နှာ ၅၃၊ အကြောင်းရေ ၉၊ "မရေမရာသော"ကို "ရေမရောသော"ဟူ၍လည်းကောင်း၊

စာမျက်နှာ ၇၂၊ ကြောင်းရေ ၃၊ "(ပုဗ္ဗာရမ္မဏ)၊(ပုဗ္ဗာရမ္မဏဝိဟာရ)"ကို "ပုဗ္ဗာရာမ=ပုဗ္ဗ+အာရာမ"ဟူ၍ လည်းကောင်း ပြင်ဆင်ဖတ်ရှုပါ။



ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်း-ပခာန် နာယက (အဂ္ဂမဟာ ပဏ္ဍိတ)ဆရာတော် ဦး ကုဏ္ဍနှင့်ဦးနန္ဒိယ -ဦးသိန်း ဦး ဘိုးနီတို့ပုံ







လက်ဝဲဘက်မှ ပုံသည် စာရေးသူဖြစ်၍ လက်ျာဘက်မှပုံသည် မြန်မာစိုး ဆေးတိုက်မှ ဆရာဦး အေးသိန်း ဖြစ်သည်။ ဆရာ ဦးအေးသိန်းမှာ စာရေးသူနှင့် လက်ပွန်းတတီး ရင်းနှီးလှသည့် ကလျာဏမိတ္တ ဖြစ်သည်။ စာရေးသူ ရန်ကုန် နေထိုင်စဉ် စား ဝတ် နေရေးတို့နှင့်အတူ ကျန်းမာရေးပါ စောင့်ရှောက်သူဖြစ်၍ ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် မမေ့အပ်သည့် ကျေးဇူးရှင်အဖြစ် မှတ်တမ်းတင်အပ်ပါ၏။



တပ်ကုန်းမြို့ အနောက်ဘက် တရော်ပင်အင်း ကျောင်း ဆရာတော် ဦးကုမာရနှင့် တပည့် ကျောင်းသူ/ကျောင်းသား များ၊ ဒကာ-ဒကာမများ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ ဆုယူပြီး အမှတ်တရ တွေ့မြင်ရပုံ။

ဆရာတော်ဦးကုမာရ၏ တပည့်များမှာ နှစ်စဉ် နှစ်တိုင်း အောင်မြင်ချက် စံချိန်မီသည်။

တရော်ပင်အင်းကျေးရွာ၊ ကြံခင်းစုကျေးရွာတို့မှ ဒကာ ဒကာမများသည် ပုဗ္ဗာရုံ ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းခဲ့သူ (ဝိသာခါကျောင်းအမကြီး) ပမာ သူတို့ဆောက် လုပ် လှူဒါန်းထားသည့် ကျောင်းကြီးကို မြင်တွေ့ရတိုင်း သာယာကြည်နူး အထူးရွှင်မြူးလျက်ရှိနေကြ၏။

## နံပါတ် ၂-ပုံစာ

ဖျာပုံမြို့နယ်၊ ကျုံကဒွန်းကျေးရွာ၊ ရပ်ဖရုံကျောင်း ဆရာတော် ဦးနန္ဒိယနှင့် ကျောင်းဒကာကြီး ဦးဘိုနီ၏ အလှူပွဲတွင် အလှူဝတ်စုံလှည့်လည်နေကြသည့် ဝိသာခါကျောင်းအမများ၊ ဒုလ္လဘရဟန်းတော်များ၊ စာရေးသူပါ အမှတ်တရ ရိုက်ကူးထားခြင်းဖြစ်ပြီး (၆) အစွန်ဆုံးမှ ဆရာတော် ဦးနန္ဒိယဖြစ်၍ (၅၁) အစွန်မှ စာရေးသူ ဖြစ်သည်။

## နံပါတ် ၃-ပုံစာ

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ဝင်းသိင်္ဂီကျောင်း ဆရာတော် ဦးဓမ္မိကနှင့် ယခု ပြန်လည်ပြုပြင်ဆဲ ကမ္ဘာအေးစေတီပုံနှင့် အညာဇာတိ ကျောင်းကြီး ကျောင်းထိုင် ဆရာတော်လေး ဦးဣန္ဒက၊ ပျဉ်းမနားသကြားစက်အနီး သနပ်ပင်ဆိပ် အရှေ့ကျောင်း ဆရာတော်ဦးပဏ္ဍိတတို့ကို ဖူးတွေ့ရပုံ။

ဆရာတော် ဦးဓမ္မိကသည် သက်တော် (၇၈)နှစ် ရှိနေသော်လည်း အညာဇာတိရှိ တစ်ရွာနှစ်ကျောင်းဖြစ်နေသည်ကို တစ်ကျောင်းတည်းအဖြစ်သို့လည်းကောင်း၊ လက်ရှိ သီတင်းသုံးနေသည့် ဝင်းသိင်္ဂီ ကျောင်းကြီး၌ သိမ်၊ ကျောင်း၊ တန်ဆောင်းတို့ကို အနာဂတ်သာသနာအတွက် ဆက်လက် သာသနာ ပြုလျက်ရှိပါသည်။

၁၉၄၀-ပြည့်၊ စက်တင်ဘာလ ၁၅-ရက်နေ့က ကွယ်လွန်သွားရှာသည့် ဆရာကြီး ဦးသော်ဇင်နှင့် ၁၉၇၉-ခုနှစ်၊ နိုဝင်ဘာလ ၂၅-ရက်နေ့က ပင်လုံမြို့၌ ကွယ်လွန်သွားခဲ့ရသော အမေဒေါ်ဟံတင့်တို့ ကောင်းရာသုဂတိသားကြပါစေ။

မောင်သိန်းလွင်

ဤ 'ဝိသာခါကျောင်းအမကြီး' အကြောင်း၊ စာအုပ်ကို တသီးတသန့် စုံလင်နိုင် သမျှစုံလင်အောင် စွမ်းနိုင်သမျှ ရေးသား ထုတ်ဝေရခြင်းသည် ယနေ့ နိုင်ငံခေါင်းဆောင်ကြီးများက ဦးစီး၍ သာသနိက အဆောက်အဦ၊ စေတီ ပုထိုးတို့ကို ဘက်စုံမွမ်းမံ ပြင်ဆင်ကြရာတွင် ဝိသာခါ ကျောင်းအမကြီး ပမာ ဝမ်းမြောက် ကြည်နူး ကုသိုလ်အထူး ပွားများနိုင်ကြစေရန် ရေးသားထုတ်ဝေအပ်ပါသည်။

မြေလတ်-သိန်းလွင်

ရန်ကုန်မြို့။

ဒေဝ သာဂရ သိမ်ကုန်း

"ဓမ္မိကာရုံ ပါဠိ တက္ကသိုလ်"

ပဓာန မဟာ နာယကချုပ်

**အဂ္ဂမဟာ ပဏ္ဍိတ**

**(မဏိသာရ မဉ္ဇူသာဋီကာ နိဿယကျမ်းပြု)**

**သက်တော်ရှည် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ မဟာ ထေရ်မြတ်၏**

## အမှာစာ

"မောင်သိန်းလှိုင် ဘာ စာမူတွေလဲ"

"မှန်ပါ့ဘုရား၊ "မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ" အကြောင်း ရေးထားတဲ့ စာမူတွေပါဘုရား"

"အေး ငါလဲ အခု တိပိဋကဓရ စာမေးပွဲအပြီး ဗဟန်း ဇီဝိတ ဒါန သံဃာ့ဆေးရုံတက်ပြီး ဆင်းလာတာ မကြာသေးဘူးကွ"

"မင့်အရင် ငါ အမှာစာ ချီးမြှင့်ထားတဲ့ ငါးရာငါးဆယ် ဇာတ်နိပါတ် ဝတ္ထုတော်ကြီး အခြေအနေကော"

"မှန်ပါ့ဘုရား၊ ရွှေ့ပြေး ပွဲဦးထွက် ထွက်နှင့်ရအောင် ကျောင်းအမကြီး ဝိသာခါအကြောင်း ရေးလိုက်တာပါဘုရား"

"အေး မင်း စာပေ အတွေ့အကြုံ ရှိသားပဲ၊ မင်းရဲ့ မြတ်ဗုဒ္ဓ နှင့် ကျောင်းအမကြီး ဝိသာခါ စာအုပ်ကတော့ ဖတ်ကောင်းမှာ သေချာပါတယ်ကွာ၊ ကြည်ညိုဖွယ်ရာ ဖြစ်မှာလဲ သေချာပါတယ်ကွာ"

ဤသည်တို့မှာ ဆရာတော် ချီးမြှင့်လိုက်သည့် နိဒါန်း အမှာစကားပင် ဖြစ်ပါသည်။

ဘဒ္ဒန္တပဏ္ဍိစ္စ

ပဓာန မဟာနာယကချုပ် ဆရာတော်

ဓမ္မိကာရုံ ပါဠိတက္ကသိုလ်၊

# ဦးယျောဇဉ်

ဝိသာခါ

ကျောင်းအမကြီးလိုပ

ပြောစည် တီးပါလို့

လှူချင်တာ– လှူချင်တာ....

သုမင်္ဂလာ အလှူဒါန ရေစက်ချပွဲ တို့တွင် ကြည်နူးဖွယ် ကြားရတတ်သော ပြောသံ ဖြစ်၏။

ဤပြောသံကို ကြားနာရတိုင်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပါသည်။

ပြောသံမှာ ထူးမခြားလှပါ၊ လှူတကာ ဆိုတတ်ကြပါသည်။ သို့ရာတွင် အလှူရေစက်ပွဲမှာ ကြားရမှ အရသာ အပြည့်အဝ ခံစားရ၏။

ထိုတွင် ဝိသာခါ ကျောင်းအမကြီး ဤသို့သော ရေစက်ချပွဲမှာ သားသမီးများ ခြံရံပြီး လွန်စွာ ရွှင်မြူးလျက် ဥဒါန်းကျူးသည်ကို ထင်ယောင် မြင်ယောင်လာ၏။

ကိုယ်တိုင် ထိုသို့ လှူဒါန်းပြီး ဥဒါန်းကျူးလိုစိတ် ယိုဖိတ်လာ၏။

ထို့ကြောင့် ထိုပြောသံကို ဘယ်နှစ်ခါ ဘယ်မှာ ကြားရ ကြားရ အားရ ရွှင်မြူး ကြည်နူးရ၏။

ထို့အတူ စံပြကျောင်းအမကြီး ဝိသာခါ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကိုလည်း ဘယ်နှစ်ခါ ဘယ်သူဘယ်ဝါ ပြုစုသည် ဖြစ်စေ ကြည်ကြည်ညိုညိုနှင့် ကြိုဆိုပါသည်။ ကြည်ကြည် နူးနူးနှင့် ချီးကျူးပါသည်။

ဦးသိန်းလွင်ကား ဓမ္မာစရိယ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်ပြင် စာပေ သံယောဇဉ်လည်း ကြီးမားလှသူ ဖြစ်၏၊ စာလည်း တတ်သည်၊ စာပေမိတ်လည်း ရှိသည်ဟု ဆိုလို၏။

ဤအကြောင်း နှစ်ချက်သည် စာပေ ကျမ်းဂန်၏ အသက် ဖြစ်၏။ ထိုသို့ မဟုတ်ပါက အသက်မရှိသော ဖုတ်ကောင်စာပေ တို့သာ ဖြစ်ရာ၏။

ဖုတ်ကောင်တို့ သောင်းကျန်းနေခြင်းကို ပပျောက်စေရန် အရေးမှာ အစစ်အမှန် တူတူတန်တန်ကို ဝိုင်းဝန်း အားပေး ရန်ပင် ဖြစ်ပါသည်။

သော်ဇင်

(ဆရာဦးသော်ဇင်)

# ဒဂုန် ဦးစန်းငွေ၏ အမှာစာ

"မောင်သိန်းလွင်၊ မင်း ငါ့ဆီလာပြီး မင်းရဲ့ "မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ" စာအုပ်အတွက် အမှာစာ ချီးမြှင့်ရန် ပြောတာ ငါ ဝမ်းသာပါတယ်ကွာ။

"ဒါပေမယ့် ငါက ဆေးရုံက ဆင်းတာ မကြာသေးဘူးကွ။ မင်းကလဲ ကိုယ်ပိုင်လုပ်ငန်း ဖြစ်တဲ့ ယာတော၊ လယ်တောမှာ မနေဘဲ ရန်ကုန်ကို ဘာ့ကြောင့် လာနေသာလဲ။ ရန်ကုန်က အရင်လို မဟုတ်ဘူး။ သွားရေး လာရေးတွေ မလွယ်ဘူး။ ကားနံပါတ်တွေ မှားစီးမိရင် မင်းရဲ့ လိုရာခရီး မရောက်ဘဲ နေဦးမယ်။ ရန်ကုန်က တစ်ချက် အတိမ်းမခံဘူး၊ ကားတွေက သိပ်ပေါတာ။ ကားရှင်းတဲ့ လယ်ကွင်းမှာ လေကောင်း လေသန့် ပိုရပါတယ်ကွာ။ မင်းဟာ နွံနစ်တဲ့ ပတ္တမြားဆိုတာ ငါ သိသွားပြီးပါကွာ။ မင်း လွန်ခဲ့တဲ့ ၁၇-၁၈ နှစ်က ငါးရာငါးဆယ် ဇာတ်နိပါတ်ဝတ္ထု ကော်ပီ လက်ရေးမူတွေ လာပြီးပြတယ်။ အဲဒီတုန်းကလဲ ငါ မရေးပေး ဖြစ်ခဲ့ဘူး။ မင်းက ငါ့ဆရာ လယ်တီ ဦးကောဝိဒရဲ့ စာတွေ ဖတ်ထား၊ မှတ်ထား၊ သိထားသူ ဖြစ်လို့ ငါလဲ ဒနှောင်းအတိတ်ရဲ့ အရိပ်တွေ ထင်လာ၊ မြင်လာ နေမိတယ်ကွာ။ မင်းရဲ့ မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ ဝတ္ထု ဇာတ်သွားဟာ အခါရက်ကြီးတွေမှာ ဘုန်းတော်ကြီး

ကျောင်းဝင်းအတွင်းရှိ ဇရပ် တန်ဆောင်း ကောင်းကောင်း မှာ ဖတ်နေစရာ၊ အတုယူစရာ၊ ကြည်ညိုစရာ ကောင်းလှတဲ့ ကျောင်းအနုကြီး ဝိသာခါ ဖြစ်ကြောင်း အမှာစကား ချီးမြှင့် လိုက်သည်။"

ဒဂုန် ဦးစန်းငွေ

မြန်မာစာအဖွဲ့ဝင်

၂၈-၃-၁၉၉၀။

# အမှာစာ

ဆန်းညွန့်ဦးမှ ထုတ်ဝေသော ခေတ်မီ ဓမ္မပဒကျမ်းစာအုပ်တွဲများကို ရဟန်းရှင်လူ တော်တော်များများ ဖတ်ဖူးထားပြီး ဖြစ်ပါသည်။ ယင်းခေတ်မီ ဓမ္မပဒကျမ်းတွင် ဦးလှခင် (ဆန်းညွန့်ဦး)၏ ကျေးဇူးအထူးပြုခံရသူ ဦးသိန်းလွင် ဓမ္မာစရိယ (မြေလတ်- သိန်းလွင်)မှာ စာပေကို အလွန်ခင်တွယ်၍ သူသိသလို စာဖတ် ပရိသတ်အား သိစေချင်သော စေတနာ အပြည့်အဝထားရှိသူ တစ်ယောက် ဖြစ်သည်ကို သိသာနိုင်ပါသည်။

ယခု "မြေလတ်- သိန်းလွင်" အမည်ဖြင့် "မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ" စာမူကို ပြုစု၍ စာဖတ် ပရိသတ် လက်သို့ အပ်နှံလိုက်ပြန်ပါပြီ။ ဝိသာခါ ဆိုသည်မှာ ဗုဒ္ဓဘာသာ ရဟန်းရှင် လူတို့၏ ကျေးဇူးရှင် တစ်ဦး ဖြစ်၍ သူ့အကြောင်းကို ခြေခြေ မြစ်မြစ် နားလည်ဖို့ အရေးကြီးပါသည်။ ဝိသာခါ၏ ဂုဏ်များကို အကျဉ်းချုပ် ဖော်ပြရပါလျှင်-

၁။ ခုနစ်နှစ် သမီးအရွယ်တွင် သောတာပန်တည်သူ
၂။ ဘိုးစဉ်ဘစ် ၇ ဦးတွင် တစ်ဦးပါဝင်သူ
၃။ မြတ်စွာဘုရားထံမှ ဆု ၈ ပါးကို လက်ခံရရှိသူ
၄။ သားသမီး ၂၀၊ မြေး ၄၀၊ မြစ် ၈၀၀၀ ထွန်းကားသူ
၅။ မဟာလတာ တန်ဆာဝတ်ခွင့်ရသူ
၆။ အသက် ၁၂၀ အထိ နေရသူ

၇။ ဆင်ပြောင် ၅-စီးအားကို စွမ်းဆောင်နိုင်သူ
၈။ ပုဗ္ဗာရုံကျောင်းကြီးကို ဆောက်လုပ်ခဲ့သူ
၉။ ယောက္ခမ သူဌေးကြီးက မိခင်အရာ၌ ထားခြင်း ခံရသူ
၁၀။ ဘာသာကွဲ ဖြစ်ကြသော လင်သားနှင့် ယောက္ခမတို့ကို ဗုဒ္ဓဘာသာဝင် ဖြစ်အောင် စည်းရုံးနိုင်သူ

ဒီအချက်၊ ဒီအကြောင်းများကို မြေလတ် - သိန်းလှိုင်၏ စာမူ၌ စိတ်ဝင်စားဖွယ် တွေ့ရပါလိမ့်မည်။ သုတ လိုလားသူများ အနေဖြင့် စေ့စေ့ စပ်စပ် လေ့လာ ဖတ်ရှုကြပါဟု ဟိုက်တွန်းစကား ရေးသား လိုက်ရပါသည်။

မာဂဓီ (သာစည်)

ဦးပညာသာမိ

စာကြည့်တိုက်မှူး

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့

လုပ်ငန်းသုံး စာကြည့်ပိဋကတိုက်

ဗမ္မာ့ဒိပကျောင်း၊ ကမ္ဘာအေး။

# အမှာစာ

မြေလတ်သား မောင်သိန်းလွင် ရေးသား ထုတ်ဝေသည့် "မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီးဝိသာခါ" စာအုပ်သည် မြန်မာ အမျိုးသမီးများအတွက် စံနမူနာယူရမည့် ယဉ်ကျေးမှု စာပေ တစ်ရပ်ဖြစ်ကြောင်း အမှာစာ ချီးမြှင့်ရေးသားလိုက်ပါသည်။

ရန်အောင်

၂–၄–၁၉၉၀

....း၀း....

# ကျောင်းအမကြီးဝိသာခါ

ဝိသာခါအကြောင်းသည် ဘုရားရှင်၏ ဖြစ်ရပ်တော်တွင် အလွန်ထင်ရှားသော ကျောင်းအမကြီး ဖြစ်သည့်အတိုင်း သူ့ရေး ပါရေးဖြင့် ရေးခဲ့ပေါင်းများလှပါပြီ။ သို့သော် သီးသန့်စာအုပ် အဖြစ်ဖြင့်မူ နည်းပါး လှပါ၏။ ယခု ဦးသိန်းလွင် (မော်စကိုယာ) က ဝိသာခါအကြောင်းကို သီးသန့်စာအုပ်အဖြစ် ထပ်ဆက် လိုက်ခြင်းဖြစ်ရာ သူ့အကြောင်းကို တသီးတသန့် စုပေါင်း ဖတ်ရှုကြရမည်ဖြစ်ပါ၏။

ကြီးမောင်

(ငွေဥဒေါင်း)

၁၁-၉-၉၀

ဦးမြင့်စိုး
စာမေးပွဲဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေး ၏

## အမှာစာ

မြေလတ်–သိန်းလွင် (ဦးသိန်းလွင်၊ မမွာစရိယ)အကြောင်း ကောင်း မကောင်း သောင်းပြောင်းထွေလာ အရာရာကို သိပြီး ဖြစ်သည်။

အခု သူက မိမိပိုင်လယ်ယာမြေများကို ထွန်ယက်စိုက်ပျိုးမှုထက် သူ့ကလောင်၊ သူ့အစွမ်း၊ သူ့အရည်အချင်းကို ပိုပြီးပြချင်နေဟန် ရှိပါသည်။

သူရေးထားသည့် "မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ" ဝတ္ထု၌ ယနေ့နိုင်ငံတော်တွင် ယဉ်ကျေးသိမ်မွေ့မှုသည် အရေးအကြီးဆုံးကာလပင်ဖြစ်သည်။ဤအရေးကြီးလှသည့် ယဉ်ကျေးမှုအတွက် သူက ဖြည့်စွက် တွန်းအားပေးထားသည်ကို တွေ့နေရပါသည်။

စာဖတ်ပရိသတ်များ သူ့စာကို ဆန်းညွန့်ဦး (ဦးလှခင်) ပြုစုသည့် ခေတ်မီဓမ္မပဒကျမ်းများ၌ ဖတ်ဖူးပြီး ဖြစ်ကြမည်သာ ဖြစ်သည်။ သူသည် ဆန်းညွှန့်ဦး ဦးလှခင်၏ အန္တေဝါသိက ဖြစ်သည့်ပြင် ယင်းစာအုပ်တိုက်မှာ အနှစ်(၂၀)ကျော် အစိတ်နှံးပါး စာပြု၊ စာပြင်၊ စာဖြတ်လုပ်ခဲ့သူတစ်ဦးဖြစ်သည်။

ထို့ကြောင့် ဤမြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီးဝိသာခါဝတ္ထု ကို ဖတ်မိပါက ဦးသိန်းလှ၏အကြောင်း. တိုင်းပြည်က ပို၍ သိလာစေတော့မည်ဖြစ်ကြောင်း အမှာစကား ရေးသားလိုက်ရပါသည်။

ဦးမြင့်စိုး

စာမေးပွဲဌာန၊ သာသနာရေးဦးစီးဌာန

ရက်စွဲ။ ၁၉၉၀-ပြည့်နှစ်၊ ဧပြီလ ၄-ရက်

# မိတ်ဆက်နိဒါန်း

ဤဘဒ္ဒကမ္ဘာတွင် ဂေါတမဗုဒ္ဓ၏သာသနာ ထွန်းပြောင်လာခဲ့ရာ ယခုတိုင်တည်ရှိနေဆဲ၊ တောက်ပြောင်နေဆဲပင် ဖြစ်သည်။ ဤသို့ တည်ရှိနေဆဲ၊ တောက်ပြောင်နေဆဲ ဖြစ်ရပ် အကြောင်းရင်းမှာ ခေါင်းဆောင်သူနှင့် ကူညီသူတို့ကြောင့်ဟု ဆိုက မှားအံ့မထင်ပေ။ ထိုတွင် ခေါင်းဆောင်သူက ဂေါတမဗုဒ္ဓ၊ ကူညီသူတို့တွင်လည်း ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါသည် ရှေ့တန်းမှ ပါဝင်ကူညီခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓနှင့်ဝိသာခါ၊ ဝိသာခါနှင့်ဗုဒ္ဓ၏ တပည့်သားသံဃာ၊ ထိုပုဂ္ဂိုလ်တို့၏ သာသနာ့အကျိုး သည်ပိုးဆောင်ရွက်ခဲ့ကြပုံများကို ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတို့ သိပြီးကြားပြီးဖြစ်ပေသည်။ သို့သော်....သို့သော် ကျောင်းအမကြီး ဝိသာခါ၏ အကြောင်းကို စုံစုံလင်လင် ပြည့်ပြည့်ဝဝ သိကောင်းမှ သိကြပေလိမ့်မည်။ အထူးသဖြင့် ယခုလူငယ်အမျိုးသား၊ အမျိုးသမီးငယ်များသည် ဝိသာခါ၏ အကြောင်း အတ္ထုပ္ပတ္တိနှင့် ခေတ်၏အခြေအနေအရ ကွာဟမှု ရှိခဲ့ပေသည်။

ဤကွက်လပ်ကို ဖြည့်စွက်ရန်အတွက် စာရေးဆရာမြေလတ်သိန်းလွင်က သူ၏အမြင်၊ သူ၏အတွေးဖြင့် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ရှေ့တန်းတင်၍ အတုယူဖွယ်၊ လိုက်နာကျင့်သုံးဖွယ်တို့ကို စံနမူသားစေချင်သည်။ အတုယူစေချင်သည်၊ လူငယ်လူရွယ်ကလေးများအား ယဉ်ကျေး သိမ်မွေ့စေချင်သည့် သူ့စေတနာက ထက်သန်လွန်းလှသည်။

သို့ပါ၍ ယနေ့ထိ သာသနာ့သမိုင်းတွင် ထင်ရှားကျော်ကြားလျက်ရှိသော အမျိုးသမီးဝိသာခါ၏ စိတ်နေသဘောထား၊ လူမှုဆက်ဆံရေး၊ အနေအထိုင်၊ အကျင့်အကြံ စသည့်စသည်တို့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား လက်ဆင့်ကမ်းအနေဖြင့် တစ်တပ်တစ်အား မိမိစွမ်းနိုင်သမျှ ပြည့်စုံလင်စွာ တင်ပြနိုင်စွမ်းရှိကြောင်း တွေ့ရပေသည်။ ။

ဘဒ္ဒန္တဝိဇယ
ညောင်ပင်ကွင်းမြောက်ကျောင်း
ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

# စာရေးသူ၏ အမှာ

စာရေးသူသည် မြေလတ်သား ထွန်ကိုင်၊ ထယ်ကိုင် သယ်သမား တစ်ဦးသာ ဖြစ်ပါသည်။ ရန်ကုန် ရောက်ရှိ ဆရာ့ ဆရာကြီးများ၏ အားပေး ၊ တိုက်တွန်းမှုကြောင့် ဤ "မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ" စာအုပ် ထွက်ပေါ် လာရခြင်း ဖြစ်ပါသည်။

"နိဒါန် ပဘာဝေါ ဟောတု" ဟူသော အဘိဓာန် အရ အကြောင်းပြ နိဒါန်း စကား ရေးသားအပ်ပါ၏။ စာအုပ် တစ်အုပ်တွင် နိဒါန်း၊ စာကိုယ်၊ နိဂုံး ရှိရိုးဖြစ်၍ အကြောင်းပြ ရေးသား အပ်ပါ၏။

အခါရက်ကြီးများ၌ ထေရ်အရှင် ဆရာတော် သံဃာတော်များထံ သိတင်းသီလ အေးချမ်းစွာ စောင့်သုံးကြပြီး အေးချမ်းစွာ ဖတ်ရှုမှတ်သားနိုင်ကြရန် အရေးတကြီး စီစဉ် ရခြင်း ဖြစ်ပါသည်။

ချွတ်ချော် ဘိမ်းပါး လွဲမှားမှုများ ရှိခဲ့ပါလျှင် စာရေးသူ၏ တာဝန်သာ ဖြစ်ကြောင်း ပန်ကြား တောင်းပန် အပ်ပါ၏။
ဘယ်နေရာမှာ လိုအပ်နေသေးသည်။ ကျန်နေသေးသည်ဟု ဝေဖန် အကြံဉာဏ်များ ပေးကြပါရန်လည်း ပန်ကြားအပ်ပါသည်။

စာရေးသူ ယခု ၁၃၅၂–ခု၊ မိုးဦးကျ ပြန်ပါတော့မည်။ အညာ တောင်ဒွိယာခွဲသို့ ဝင်ရဦးမှာ ဖြစ်ပါသည်။ ချစ်စွာ

သော စာဖတ်ပရိသတ်များ အကဲဖြတ် စာမြီး သဘောမျိုး ဖတ်ရှုဝေဖန်မှုများ၊ အကြံဉာဏ်များ ပေးကြပါရန်ကိုလည်း အလေးအနက် ပန်ကြား ရပါတော့သတည်း။

**မြေလတ်-သိန်းလှိုင်**

(ဦးသိန်းလှိုင်၊ ဓမ္မာစရိယ)

ဆရာဦးလှခင်(ဆန်းညွန့်ဦး)၏ ခေတ်မီ ဓမ္မပဒ

များတွင် ကျေးဇူး အထူးပြုခြင်း ခံရသူ

# ပဏာမ

၁။ နမော ဗုဒ္ဓဿ

၂။ နမော ဓမ္မဿ

၃။ နမော သံဃဿ

၄။ နမော မာတာပိတူနံ

၅။ နမော အာစရိယာနံ

(၁) ဗုဒ္ဓဿ— တရားအားလုံးကို သိမ်းကျုံး၍ သိတော်မူတတ်သော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ ကိုလည်း သိစေတတ်တော်မူတတ်သော မြတ်စွာဘုရားအား၊

နမော— ရှိသေ မြှော်နိုး မာန်ညွတ်လျှိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

(၂) ဓမ္မဿ— ၄၅-ဝါ (လေးဆယ့် ငါးဝါ) ကာလကြာအောင် မြတ်ဗုဒ္ဓမိန့်ဟဲတော်မူခဲ့သည့် တရားတော်အပေါင်းအား၊

(ဝါ)မဂ်လေးတန်၊ဖိုလ်လေးတန်၊နိဗ္ဗာန်၊ ပရိယတ္တိ မည်ရှိ တရား ၁၀ ဆယ်ပါးအား။

နမော— ရှိသေမြတ်နိုး မာန်ညွတ်လျှိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

(၃) သံဃာ— သမုတိအရိယာ ဤနှစ်ဖြာသော သံဃာတော်မြတ် အပေါင်းအား၊

နမော— ရှိသေမြတ်နိုး မာန်ညွတ်လျှိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

(၄) မာတာပိတူနံ— မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုး မထိုးမကိုက်ရအောင် အမျိုးမျိုး ပြုစု စောင့်ရှောက်ခဲ့သည့် မွေးမိခင်၊ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးပါ မကျန်ရအောင် စွမ်းဆောင် ထွေပြား ငွေရှာများသည့် ကျေးဖခင်တို့အား၊

နမော— ရှိသေမြတ်နိုး မာန်ညွတ်လျှိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

(၅) အာစရိယာနံ— က, အက္ခရာ အစဖြာ၍ တ, န ပဲ့ပြင်သွန်သင် ပေးတော်မူခဲ့ကြသည့် ငယ်ဆရာရင်းများနှင့် ဆရာကောင်း သမားကောင်းများထံ နည်းခံရန် အဆင့်ဆင့် အပ်နှံပေးတော်မူခဲ့ကြသည့် ဆရာတော်များနှင့် သဒ္ဒါအရာမှာ နောင်လာစရာမလိုအောင်

သွန်သင်ပေးခဲ့သည့် ရန်ကုန်မြို့ မင်္ဂလာ
တောင်ညွန့်ရပ်၊ ကျောင်းလမ်း၊ ဒေးဒရဲ
သုံးထပ် ကျောင်းကြီး၏ ဦးစီးပဓာန
မဟာနာယကချုပ် ဆရာတော် ဦးနန္ဒိ
ယာဘိဝံသ (စေတိယင်္ဂဏ မမ္မာ ရုံယ)
(ပုံလှန်)နှင့် ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊
ဒေဝသာဂရသိမ်ကုန်း၊ ဓမ္မိကာရုံ ပါဠိ
တက္ကသိုလ် ပဓာန မဟာနာယကချုပ်
အဂ္ဂမဟာ ပဏ္ဍိတ(မဏိသာရ မဉ္ဇူသာဋီ
ကာ နိဿယ ဂန္ထကာရက) နိုင်ငံတော်
ဩဝါဒစရိယ တိပိဋကဓရ ရွေးချယ်
စိစစ်ရေး ဩဝါဒစရိယ သက်တော်ရှည်
ဘဒ္ဒန္တပဏ္ဍိစ္စ မဟာထေရ်မြတ်ကြီးတို့အား

နမော— အလွန်ရှိသေစွာ ရှိခိုးပါ၏၊ အရှင်ဘုရား၊

# မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ

ကျောင်းအမကြီး ဝိသာခါ အကြောင်း ရေးချင်နေသည်မှာ ကြာခဲ့ပြီ၊ ၁၉၇၈-ခု၊ စာရေးသူ စာပေအဖွဲ့ဝင် စာဖြစ်ခဲ့သည့် နှစ်ကပင် ဖြစ်သည်။ ထိုစဉ်က စာရေးသူသည် ဆန်းညွန့်ဦး ဆရာ ဦးလှခင်ထံတွင် ခေတ်မီ ဓမ္မပဒ ကျမ်းစာများကို ကူညီ ရေးသားခဲ့သည့် အချိန် ဖြစ်သည်။

ယနေ့ ပိုလ်ချုပ်မှူးကြီး စောမောင် ဦးဆောင်သော နိုင်ငံ့ခေါင်းဆောင်ကြီးတွေ နေ့ခအား ညခအား တိုင်းပြည် ကောင်းစားရေး အတွက် အဖက်ဖက်မှ ကြိုးပမ်းနေသည့် ကာလတွင်၎င်း မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ ဝတ္ထုသည် ဗုဒ္ဓ၏ ယဉ်ကျေးမှု အနေဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဖြစ်လာလိမ့်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် စာရေးသူ ရန်ကုန်ရောက်ခိုက် ကျောင်းအမကြီး ဝိသာခါအကြောင်း ရေးသားရခြင်းအတွက် ဦးစွာတင်ပြရပါသည်

## ဝိသာခါသည် ဘယ်သူ့ သမီးလဲ

ဗိမ္ဗိသာရ မင်းကြီးနှင့် ပသေနဒီ ကောသလ မင်းကြီးတို့သည် ဘုရားရှင် လက်ထက်တော်က ထင်ရှားသော ကျောင်းဒါယကာကြီးများ ဖြစ်ကြသည်။ ထင်ရှား ကျော်ကြားရုံမျှမက

မောင်လည်း နှမလည်း ယောက်ဖတော်များလည်း ဖြစ်ကြသည်။ မင်းကြီးများ အုပ်ချုပ်ကြသည့် နိုင်ငံအချင်းချင်းလည်း ချစ်ကြည် ရင်းနှီးစွာ နှစ်ပြည့် တစ်ပြည် ရွှေလမ်း ငွေလမ်း များ ပေါက်နေကြသည်။

## သူဌေးကြီး ငါးဦး

ရာဇဂြိုဟ် ပြည်ကြီးတွင် ထင်ရှားလှသည့် သူဌေးကြီး ငါးဦး ရှိသည်။ ထိုငါးဦးတို့မှာ–

ဇောတိက၊

ဇဋိလ၊

မေဏ္ဍက၊

ပုဏ္ဏက၊

ကာကဝလ္လိယ-ဟူ၍ ဖြစ်ကြသည်။

ရာဇဂြိုဟ်ပြည် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့တွင် မေဏ္ဍကသူဌေး နေထိုင်သည်။ ထို မေဏ္ဍကသူဌေးနှင့်အတူ ဆုထူးပန် ငါးဦး ရှိသည်။

ထို ငါးဦးတို့မှာ-

မေဏ္ဍက သူဌေး၊

သူဌေးကတော် စန္ဒပဒုမ၊

သား ဓနဉ္စယ၊

ချွေးမ သုမနဒေဝီ၊

ကျွန်ပုဏ္ဏတို့ ဖြစ်ကြသည်။

ဓနဉ္စယ သူဌေးနှင့် သူဌေးကတော်သုမနဒေဝီတို့မှ ဘုန်းရှိကံရှိ ဝိသာခါသတို့သမီးကို ဖွားမြင်သည်။ ထို့ကြောင့် ဝိသာခါသည် ဓနဉ္စယသူဌေးနှင့် သူဌေးကတော် သုမနဒေဝီတို့မှ ဖွားမြင်သော သမီးတစ်ယောက် ဖြစ်သည်။

ဝိသာခါသတို့သမီးသည် မြတ်စွာဘုရားကို (၇)နှစ်အရွယ်တွင် ဦးစွာဖူးတွေ့ခဲ့ရသည်။ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့သို့ နောက်ပါရဟန်းများစွာတို့နှင့်တကွ ဒေသစာရီလှည့်လည်ကြွချီတော်မူခဲ့သည်။

မေဏ္ဍကသူဌေးကြီးက မြေးဖြစ်သူဝိသာခါကို လက်ဆွဲခေါ်ယူ၍ မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်များကို ခရီးဦးကြိုဆို၍ လုပ်ကျွေးပြုစုသည်။ ဘဝများစွာ သံသရာက ပါရမီဓာတ်ခံ ဆော်နိုးဖန်သည့် ဝိသာခါသတို့သမီးသည် ဘုရားရှင်နှင့် သံဃာတော်များအပေါ် များစွာ ကြည်ညိုသွားခဲ့သည်။ ဘုရားရှင်၏ တရားတော်များကို နာယူမှတ်သား နှလုံးပွား၍ (၇)နှစ်အရွယ်မှာပင် သောတာပန်တည်ခဲ့လေသည်။

အဖိုးဖြစ်သူ မေဏ္ဍက သူဌေးကြီးမှာကား မြတ်စွာဘုရား၏ တရားတော်များကို အကြိမ်များစွာ နာယူမှတ်သား ကျင့်သုံး

ပြီးဖြစ်၍ သောတာပန်တည်နေသည့် ဥပါသကာ ဒါယကာ ကြီးတစ်ဦး ဖြစ်နေပြီးဖြစ်သည်။

မေဏ္ဍကသူဌေးကြီးသည် ဘုရားရှင်နှင့်တကွ သံဃာတော် အပေါင်းတို့အား လခွဲ (၁၅)ရက် ဆွမ်းဘောဇဉ်ချီးမြှင့်ရသော အဖြာဖြာတို့ကို လှူဒါန်းဆက်ကပ်လေသည်။

တရားဟော မဏ္ဍပ်ကြီးကိုလည်း ခမ်းနားကြီးကျယ်စွာမွမ်းမံ ဆောက်လုပ်စေပြီး သူဌေးကြီးနှင့် မြို့ငယ် ဝိသာခါတို့သည် မြို့သူမြို့သားများနှင့်အတူ ဘုရားရှင်၏တရားတော်များကို နာယူ မှတ်သား သဒ္ဓါပွားများကြသည်။

မြတ်စွာဘုရားနှင့် သံဃာတော်အပေါင်းသည် လခွဲ(၁၅) ရက် ကျော်လွန်မှ ဘဒ္ဒိယမြို့က ပြန်လည်ကြွချီတော်မူသွားကြ သည်။

## ဇာတ်တော်ထဲက သာကေတမြို့သစ်

ကောသလမင်းကြီးတွင် ထင်ရှားသော သူဌေးကြီး တစ်ယောက်မျှ မရှိပေ။ ထို့ကြောင့် ယောက်ဖတော် ဗိမ္ဗိသာရမင်း ကြီးထံ သူဌေးတစ်ဦးရရန် တောင်းခံလေသည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက "ငါ၏နိုင်ငံတော်တွင် ရှိကြ သည့် သူဌေးကြီးများသည် ပစ္စည်းဥစ္စာနှင့်တကွ အခြွေအရံ အသင်းအပင်းတို့မှာ လွန်စွာ များပြားလှသည်။ ထို့ကြောင့်

သင်၏နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ရန် မလွယ်ကူ”ဟု ပြန်ကြား ပြောဆိုလိုက်သည်။

ထိုသို့ ပြောဆိုသောအခါ ကောသလမင်းကြီးက သူဌေး တစ်ဦးတစ်ယောက်မျှ မရခဲ့လျှင် မပြန်ဟု တင်းခံ ပြောဆိုလိုက် သည်။

## ဗိမ္ဗိသာရမင်းကြီး အကြံအိုက်ရပြီ

ဗိမ္ဗိသာရမင်းကြီးသည် မှူးမတ်တို့နှင့်တကွ သူဌေးများကို ခေါ်ယူ၍ တိုင်ပင်ညှိနှိုင်းကာ အကြံထုတ်ရတော့သည်။ မည် သည့် သူဌေး တစ်ဦးတစ်ယောက်ကမျှ ကောသလမင်းကြီး နောက် လိုက်ပါသွားမည်ဟု သံတော်ဦးမတင်ကြပေ။ ညှိနှိုင်း ဆွေးနွေးပွဲကား အချိန်သာ ကုန်သွားခဲ့ရသည်။

## ဓနဉ္စယသူဌေးက အာမခံယူ

သူဌေးကြီးငါးဦးတွင် မပါဝင်သော မေဏ္ဍကသူဌေးကြီး ၏သား ဓနဉ္စယသူဌေးက ဗိမ္ဗိသာရမင်းကြီးထံ ခွင့်ပန်၍ ပြော ဆိုသည်။

“အရှင်မင်းကြီး၊ အရှင်မင်းကြီးက လိုက်စေလိုခဲ့လျှင် လိုက် ပါသွားပါအံ့” ဟု ဝန်ခံကတိစကား ပြောကြားလိုက်သည်။

ထိုစကားကို ကြားရမှပင် ဗိမ္ဗိသာရ မင်းကြီး သည် သာယာ ရွှင်ပျလာပြီး ဘဝင် ဟဒယ အေးချမ်းသွားရတော့

သည်။ အကြံမအိုက် အပူ မဆိုက်ရတော့ပေ။ မနုဉ္စယ သူဌေးကို လည်း ကျေနပ်စွာ ခွင့်ပေးလိုက်သည်။ ညီနှိုင်း ဆွေးနွေးပွဲကား ထိုတွင် ရုပ်သိမ်းလိုက်ကြသည်။

## မနုဉ္စယ သူဌေး ရွှေ့ပြောင်းရန် စီစဉ်ပြီ

မနုဉ္စယ သူဌေးသည် ပစ္စည်းဉစ္စာ ကျွဲနွား တို့ကို ပြင်ဆင်စေပြီး အခြွေအရံ များစွာတို့နှင့် တကွ ကောသလ မင်းကြီးနောက်သို့ လိုက်ပါသွားခဲ့ကြသည်။

လမ်းခရီး အကြားတွင် ညနေချိန် ရောက်ရှိလာရာ အေးချမ်း သာယာသော အရပ်တွင် စခန်းချ ရပ်နားကြရသည်။

ကောသလမင်းကြီးနှင့် မနုဉ္စယ သူဌေးတို့သည် ဟိုဟို ဒီဒီ ပတ်ဝန်းကျင် အရပ်ဒေသများသို့ သွားလာ ကြည့်ရှု ကြသည်။

ထိုအခါ မနုဉ္စယသူဌေးက ကောသလ မင်းကြီးအား ပြော ကြားသည် "အရှင်မင်း ကြီး၊ ဤအရပ်သည် အရှင်မင်းကြီး၏ ပိုင်ဆိုင်ရာ နယ်မြေ ဒေသ ဖြစ်ပါသလော" ဟု ပြောဆို မေး မြန်းသည်။ မင်းကြီးက ဟုတ်မှန်ကြောင်း ပြောဆိုလျှင် "အရှင် မင်းကြီး၏ သာဝတ္ထိမြို့နှင့် မည်မျှ ကွာဝေးပါသေးသနည်း" ဟု မေးမြန်း ပြန်ပါသည်။ ကောသလမင်းကြီးက (၇) ယူဇနာမျှ ကွာဝေးသေးကြောင်း ပြောဆိုလိုက်သည်။

မနုဉ္စယ သူဌေးက "အရှင်မင်းကြီး၊ သဘောတူ ကြည်ဖြူ ခွင့်ပေးပါက ဤအရပ်သည် အေးချမ်းသာယာလှ၍ ဤအရပ်

၌ပင် မြို့သစ်တည်၍ နေလိုပါသည်။ အကျွန်ုပ်တို့ အခြွေအရံ ပရိသတ်တွေ များပြားလှ၍ အရှင်မင်းကြီး၏ မြို့တော်တွင် လူနေအိမ်ခြေ ပင်ကိုကပင် များပြားနေပြီဖြစ်၍ အကျွန်ုပ်တို့အတွက် နေရာကျဉ်းမြောင်း မြွတ်သိပ်နေမည်ဖြစ်ပါသည်" ဟု တောင်းပန် ပြောကြားလေသည်။

ထိုအခါ ကောသလမင်းကြီးသည် မေဏ္ဍကသူဌေး၏ တောင်းပန်ချက်ကို ကြည်ဖြူစွာ ခွင့်ပေးလိုက်လေသည်။ မြို့သစ်ကိုလည်း ခမ်းနားကြီးကျယ်စွာ တည်ဆောက်ပေးသည်။

## သာကေတ မြို့သစ် တည်ပြီ

ကောသလမင်းကြီးနောက် လိုက်ပါခဲ့သည့် ဓနဉ္စယသူဌေးကြီးတို့ အခြွေအရံ လူပရိတ်သတ်များနှင့် ပစ္စည်းဥစ္စာ ဓနအဖိုးအား များစွာ ပါရှိခဲ့သည်။

ဓနဉ္စယသူဌေးကြီး တည်ဆောက်လျက်ရှိသော မြို့သစ်ကို စိတ်တိုင်းကျ လုပ်ဆောင်စေသည်။ လမ်းများ၊ လူနေအဆောက်အအုံများ၊ ဈေးတန်းလျားများ၊ အပန်းဖြေပန်းခြံများ၊ ရေတွင်း၊ ရေကန်များ မကျန်ရအောင် စနစ်တကျ လုပ်ဆောင်စေသည်။

ဓနဉ္စယ သူဌေးကြီး၏ အခြွေအရံ ပရိသတ်တို့တွင် ကျွမ်းကျင်သည့် ဗိသုကာအတတ်ပညာရှင်များ၊ ပန်းရန်၊ ပန်းပု၊ ပန်းချီအတတ်ပညာရှင်၊ အသိပညာရှင်ပေါင်း များစွာ ပါရှိခဲ့သည်။

ထိုသို့သော အတတ်ပညာရှင်၊ အသိပညာရှင်၊ ကာယဉာဏ နှစ်စွယ်ရ လုပ်သားကောင်းကြီးများ ပါရှိခဲ့သည့်အလျောက် တည်ဆောက်ထားသည့် မြို့သစ်ကြီးမှာ လှပဆန်းကြယ် အံ့မခန်းဖွယ် ရှိလှသည်။

မြို့သစ်ကြီးကို တောတန်းများ၊ တောင်တန်းများက ဝန်းရံလျက် ရှိကြသည်။ တောင်တန်းများပေါ်မှ တသွင်သွင် စီးဆင်းနေသည့် စမ်းချောင်းများကလည်း မြို့သစ်ကြီးကို ပိုမိုရှုဝင့်ကြွားစေသည်။ ညနေချမ်း ဆည်းဆာရောင်အောက်တွင် သာကေတမြို့သူ မြို့သားတို့သည် အလုပ်နားဆင်ကြပြီး အပန်းဖြေကာ ပျော်ရွှင်နေကြသည်။

ကောသလမင်းကြီးနှင့် အခြံအရံ ပရိသတ်တို့သည် သာကေတမြို့သစ်တည်ပြီးမှ သာဝတ္ထိမြို့သို့ ပြန်လည် ကြွမြန်းသွားသည်။ ဓနဉ္စယသူဌေးသည် ကောသလမင်းကြီးကို ခရီးအတော်ကလေး ဝေးသည်အထိ လိုက်ပို့သည်။

## ကောင်းခြင်းငါးပါး ပြည့်မှသာ

သာဝတ္ထိပြည်ရှိ မိဂါရသူဌေးသည် တစ်ဦးတည်းသော သားဖြစ်သူ ပုဏ္ဏဝဍ္ဎနကို အိမ်ထောင်ပြုရန် တိုက်တွန်းသည်။ သားက အိမ်ထောင်မပြုလိုဟု ငြင်းဆန်သည်။ ဖခင်သူဌေးက မင်းအိမ်ထောင်မပြုလျှင် ငါ၏အမွေဆက်အမွေခံ ပြတ်လိမ့်မည်ဟု ပြောပြီး မဖြစ်မနေ အိမ်ထောင်ပြုရမည်ဟု တိုက်တွန်းသည်။

သားဖြစ်သူက အိမ်ထောင်ပြုရမည်ဆိုလျှင် ကောင်းခြင်း ငါးဖြာနှင့် ပြည့်စုံသူကို ရမှသာ အိမ်ထောင်ပြုမည်ဟု ဝန်ခံ ပြောဆိုသည်။

ဖခင်က "ကောင်းခြင်းငါးဖြာဟူသည် အဘယ်ကို ဆိုလို သနည်း" မေးလျှင် သားက "၁။ ဆံပင်ကောင်းခြင်း၊ ၂။အသား နုးညံ့ခြင်း၊ ၃။ အရိုးပြေပြစ်ခြင်း၊ ၄။ အရေအဆင်းလှပခြင်း ၅။ အရွယ်နုပျိုခြင်းတို့ ဖြစ်သည်။

၁။ ဆံပင်၏ကောင်းခြင်းဟူသည်–

ဥဒေါင်းမြီးကို ဖြည်းနှောင်ထားသကဲ့သို့ ညီညွတ်ခြင်း၊ အရောင်မှာ မည်းနက်တောက်ပခြင်း၊ ရှုပ်ထွေး တွန့်လိမ် ကောက်ကွေးခြင်းမရှိဘဲ ဆံပင်၏ ပင်ကိုသဘာဝက ရှန့် သန်းနေခြင်း၊ ဆံပင်ကို ဖြေချထားလျှင် ခြေဖနောင့်အထိ ရှည် လျားပြီး မြေသို့ မထိဘဲ သားလှိုင်းများကဲ့သို့ ကော့ညွတ်နေ ခြင်းကိုသည် ဆံပင်၏ကောင်းခြင်းဖြစ်သည် ဖခင်....

၂။ အသား၏ ကောင်းခြင်း

နှုတ်ခမ်းဆိုးဆေး မဆိုးရဘဲ ပကတိနီမြန်းနေခြင်း၊အထက် အောက် နှုတ်ခမ်းတို့ အမြဲထိစပ်နေခြင်း၊ ခြေဖဝါး လက် ဖဝါးတို့သည် ချိပ်ရည်ဖျန်းထားသကဲ့သို့ အမြဲနီမြန်းခြင်းတို့ သည် အသား၏ကောင်းခြင်းဖြစ်ပါသည် ဖခင်....

၃။ အရိုး၏ကောင်းခြင်း

သွားများသည် မခေါမပေါ် မစိပ်မကျဲ ပုလဲလုံးစီထား သကဲ့သို့ ညီနေခြင်း၊ အရိုးအဆစ်တို့သည် မခေါမထ ပြေပြစ် ချောမွေ့ခြင်းတို့သည် အရိုး၏ကောင်းခြင်းဖြစ်ပါသည်ဖခင်....

၄။ အရေ၏ကောင်းခြင်း

ညိုမည်းသောသူ့တွင် ညိုမည်းခြင်းသည် ပဓာနမဟုတ်၊ အရေမတွန့်မလိပ်သော ကိုယ်ရေရှိခြင်း၊ ချောချောပြေပြစ်ခြင်း၊ ကြာညိုပွင့်နှင့် တူသော အဆင်းရှိခြင်း၊ ဝါရွှေသောသူတွင် မဟာလှေကားပွင့် အဆင်းကဲ့သို့ ဝင်းပပ ရှိနေခြင်းတို့သည် အရေ၏ကောင်းခြင်း ဖြစ်ပါသည်ဖခင်....

၅။ အရွယ်၏ကောင်းခြင်း

သားဆယ်ယောက် ဖွားမြောက်သားသော်လည်း တစ်ကြိမ် သားဖွားသူကဲ့သို့ တစ်သားတစ်သွေး လှနေရခြင်း၊ အရေ အဆင်း မယုတ်လျော့ခြင်း၊ အရွယ်တင်ခြင်းတို့သည် အရွယ်၏ ကောင်းခြင်းဖြစ်ပါသည်ဖခင်''ဟု ရှင်းလင်းပြောဆိုသည်၊

## ရှာပုံတော် ဖွင့်ကြပြီ

မိဂါရသူဌေးကြီးနှင့် သူဌေးကတော် တို့သည် သားအတွက် ဖူးစာဖက် အကွက်ဆိုက်ရန် ပုဏ္ဏား ရှစ်ယောက်တို့ကို ခေါ်၍

ပစ္စည်းဥစ္စာ ရိက္ခာအစုံအလင် ပေးပြီး ရှာပုံတော် ဖွင့်စေကြ၏။ ဖူးစာရှင်တွေ့ရှိက ဆင်မြန်းရန် အဖိုး တစ်သိန်း ထိုက်သည့် ရွှေပန်းခိုင်ကိုလည်း ပေးအပ်လိုက်လေသည်။

ပုဏ္ဏားရှစ်ယောက်တို့သည် မြို့ကြီးမြို့ငယ် အသွယ်သွယ် တို့သို့ သွားရောက်ကြကာ ခြေရာချင်းထပ်မျှ ရှာဖွေ ကြသော် လည်း ကောင်းခြင်းငါးဖြာနှင့် ပြည့်ဝစုံလင်သည့် အမျိုးသမီး ငယ်ကို မတွေ့ကြပါ။ အခမာဆိုက်၍သာ နေကြရသည်။

## ဖူးစာရှင်ကို တွေ့ကြပြီ

နေ့ဦးယ သူဌေးကြီး တည်ထောင်ခဲ့သည့် သာကေတမြို့သစ် မှာ ကြီးကျယ် ခမ်းနား လာခဲ့ပေပြီ။ သမီး ဝိသာခါမှာလည်း ၁၅–နှစ်၊ ၁၆-နှစ် အရွယ်သို့ ရောက်ရှိခဲ့ရပေပြီ။

သာကေတမြို့ကြီးတွင် မင်းကြီးက ဦးစီး ကျင်းပ ခဲ့သည့် နက္ခတ်ပွဲသဘင်ကြီးကို ခမ်းနား ကြီးကျယ်စွာ ကျင်းပ နိုင်ကြ ရန် အထူးစီစဉ်၍ ပြင်ဆင်နေကြသည်။ ထိုနက္ခတ်ပွဲသဘင်ကြီး တွင် လူကုံထံ အမျိုးသားအမျိုးသမီးများ ဂုဏ်ရည်တူ ဖူးစာ ဖက် ရွေးချယ်ကြသည့် ပွဲသဘင်ကြီးလည်း ဖြစ်သည်

ပုဏ္ဏဝဍ္ဎန သူဌေးသားအတွက် ဖူးစာဖက် ရှာကြသည့် ပုဏ္ဏား ရှစ်ယောက်တို့သည် မြစ်ဆိပ်ကမ်းတစ်ခု၏ အနီးရှိ ဇရပ် တစ်ခုတွင် တည်းခိုလျက် ရှိကြသည်။

ဝိသာခါ သတို့သမီးသည် အခြံအရံ ငါးရာတို့နှင့် တကွ ဝတ်ကောင်းတန်ဆာများ ဝတ်ဆင်ကြပြီး မြစ်ဆိပ်သို့ ဆင်းခဲ့ကြသည်။ အမျိုးတူ ဂုဏ်ရည်တူ သတို့သားတို့ကလည်း ဖူးစာဖက် ရွေးချယ်ကြရန် ပန်းကုံးများ ကိုယ်စီကိုင်၍ မြစ်ဆိပ်မှ စောင့်နေကြသည်။ ဖူးစာရှင်ကို ပန်းကုံးစွပ်၍ ရွေးချယ်ကြမြဲ ဖြစ်သည်။

ဝိသာခါ သတို့သမီးသည် အခြွေအရံတို့နှင့် မြစ်ဆိပ်သို့ ဆင်းလာချိန်တွင် မိုးကြီးသည်ထန်စွာ ရုတ်တရက် ရွာသွန်းချသည်။ အခြံအရံအမျိုးသမီးတို့မှာ အဝတ်ကောင်းများ မစိုမရွှဲစေရန် အနီးရှိဇရပ်သို့ အပြေးအလွှားဝင်ရောက် တည်းခိုရန် သွားကြသည်။

ဝိသာခါ သတို့သမီးမှာမူ မိုးရွာသွန်းနေဆဲ မှာပင် ဖြည်းညင်းသာယာစွာ တစ်လှမ်းချင်း လှမ်းသွားနေပေသည်။

## ပုဏ္ဏားတို့ အကဲခတ်ကြပြီ

ပုဏ္ဏားတို့သည် ဝိသာခါ ရောက်လာချိန်တွင် တစေ့တစောင်း ချောင်းမြောင်း၍တစ်ဖုံ၊ စေ့စေ့ စပ်စပ် တစ်မျိုးအမျိုးမျိုး လေ့လာနေကြသည်။

ပုဏ္ဏားတို့က ''ဤသတို့သမီးသည် ကောင်းခြင်း လေးအင်နှင့်တော့ ပြည့်ဝစုံလင်နေသည်၊ သွား၏ကောင်းခြင်းကိုမူ သေ

ချွတ်စွာ မသိရပေ၊ ထိုသို့သော အခြင်းအရာများကြောင့် သူ၏ ကောင်းခြင်းကို သိနိုင်ရန် စကားစရရန် ရှာကြံကြလေသည်။

"ဒီသတို့သမီးကတော့ကွာ သူ့သဘော ကြင်ဖက်ရရင် ထမင်းရည်တောင် ကျန်မှာ မဟုတ်ဘူး" ဟု ပြောဆို လိုက်ကြသည်။ ထိုစကားသံကို ဝိသာခါက ကြားသွားသည်။

"အဖေကြီးတို့ အဲဒီစကားက ဘယ်သူ့ကို ရည်၍ ပြောဆိုပါသနည်း" ဟု မေးမြန်းလေသည်။ ဤတွင်မှ ဝိသာခါ သတို့သမီး၏ ကောင်းခြင်းငါးဖြာ ပြည့်ဝ စုံလင်နေသည်ကို ပုဏ္ဏားတို့ သိရှိကြရ၏၊ ဝိသာခါ၏အသံသည် အလွန် သာယာချောင်းလှသည်ကိုလည်း သိကြရ၏။

ပုဏ္ဏားတို့က "သူငယ်မ သင်နှင့်အတူ လာကြသောအပေါင်းတို့မှာ မိုးရေမစိုရွှဲစေရန် ဇရပ်သို့ အပြေးအလွှား လာရောက်တည်းခိုကြသည်၊ သင်သည် အဖိုးတန်အဝတ်အစားများကိုပင် မငဲ့ကွက်ဘဲ အပြေးအလွှား ဘာ့ကြောင့် မလာရောက်သနည်း" ဟု မေးကြသည်။

## ဝိသာခါ ဖြေကြားပြီ

"မှန်ပါတယ် အဖေကြီးတို့၊ အပြေးအလွှား မသွားသင့်သောသူ လေးဦးရှိပါသည်။

"အဘိသိက် သွန်းလောင်းပြီးသော မင်းသည် မင်းမြောက်တန်ဆာ ဝတ်ဆင်ပြီး မင်းယင်ပြင်၌ ပြေးလွှား၍ သွားခြင်းသည် မတင့်တယ်ပါ။"

"မင်္ဂလာဆင်တော်သည် တန်ဆာဆင်ယင်လျက် ပြေးသွားခြင်းသည် မတင့်တယ်ပါ။"

"ဘုရားသားတော် ရဟန်းတော် အရှင်မြတ်များသည် ပြေးသွားခြင်းသည် မတင့်တယ်ပါ။"

"မိန်းကလေးတို့ မည်သည်မှာလည်း ပြေးသွားခြင်းသည် မတင့်တယ်ပါ" ဟု ပြန်ကြား ပြောဆိုသည့်ပြင်....

"အဖေကြီးတို့ ကျွန်မ ပြေးလွှားမသွားခြင်းမှာ အခြားအကြောင်းတစ်ခု ရှိပါသေးသည်။

"မိဘနှစ်ပါးတို့သည် ကလေးငယ်များကို အမျိုးမျိုး ပြုစုစောင့်ရှောက်ကြရပါသည်၊ မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုး၊ မထိုးမကိုက်ရအောင် အမျိုးမျိုး ပြုစုယုယကြရပါသည်။သည် လမ်းမသွားနိုင်၊ သည်အပင်ပေါ် မတက်နိုင့် စသည်ဖြင့် ဘေးရန်အန္တရာယ်ဟူသမျှ မကျရောက်နိုင်ရန် သွန်သင်ကြရိုး ဖြစ်ပါသည်။ ဆူးငြောင့်ခလုတ်များ တိုက်မိ၍လည်းကောင်း၊ သစ်ပင်ပေါ်မှ ကျ၍သော်လည်းကောင်း၊ ထိခိုက် ပွန်းပဲ့ သွားပါက မတည့်မကောင်း တစ္ဆေတစောင်း ဖြစ်သွားပါက မိဘများနှင့်

သားချင်းဆွေမျိုးများ နှလုံးမသာမယာ ဖြစ်ကြရပါသည်။ ထို အကြောင်းများကြောင့် အဖေကြီးတို့ ကျွန်မသည် ပြေးသွား ခြင်းငှာ မသင့်ပါ။ အဖိုးတန်အဝတ်အစားများမှာ နေပူလှန်း လျှင် မကြာခင် သွေ့ခြောက် နိုင်ပါသည်။ ပွန်းပဲ့ ရှဲ့စောင်း သွားရသည့် အသားဆိုင်တို့မှာမူ ပကတိ အကောင်းပြန်၍ မဖြစ်နိုင်ပေါ...." ဟု ပြန်ကြားပြောဆိုသည်။

## ရွှေပန်းခိုင်ကို ဆင်မြန်းပြီ

ပုဏ္ဏားရှစ်ယောက်တို့သည် အချင်းချင်း တိုင်ပင်ပြောဆိုကြ သည်။ သူငယ်မနှင့် စကားပြောကြရ၍၊ ကောင်းခြင်းငါးဖြာ စလုံး ပြည့်ဝစုံလင်နေသည်ကို သိနေကြရပြီ။ သူငယ်မဇလေး ဟာ ကောင်းခြင်းငါးဖြာ စလုံး ပြည့်ဝစုံလင်ရုံမျှမက သာယာ ညှတ်ပျောင်း ကောင်းသောစကားများကိုလည်း ပြောဆိုတတ် သည်၊ ဉာဏ်ပညာလည်းအလွန်ကြီးမားသည်ဟု တိုင်ပင်ညှိနှိုင်း ကြပြီး အဖိုးတစ်သိန်းထိုက်သည့် ရွှေပန်းခိုင်ကို ဝိသာခါ သတို့ သမီးအား ဆင်မြန်းရန် ပေးအပ်လိုက်ကြသည်။

ဝိသာခါ သတို့သမီးက ရွှေပန်းခိုင်ကိုမြင်လျှင် "အဖေကြီး တို့ အဘယ်မြို့၊ အဘယ်ဒေသ၊ အဘယ်ဇာတိကများ ဖြစ်ကြ ပါသနည်း" ဟု မေးသည်။

## ဝိသာခါ သတို့သမီးကိုယ်တိုင်

## မင်္ဂလာ အခမ်းအနား ပြင် ဆင် ပုံ

မင်္ဂလာအခမ်းအနားသို့ မိဂါရသူဌေးကြီးနှင့် ကောသလမင်းကြီးပါ လိုက်ပါလာမည့် သတင်းကို ကြားသိရ၍ နေဥယျသူဌေးက သမီးငယ် ဝိသာခါအား မင်းခမ်း မင်းနား များနှင့် သူဌေးသူကြွယ် ကုန်သည် လယ်လုပ် မကျန် နေထိုင်နိုင်ရန် အဆောက်အအုံတို့ကို ပြုလုပ်စီမံစေသည်။

ဝိသာခါသတို့သမီးသည် အခြွေအရံတို့ကို ခေါ်၍ မင်းကြီး နေထိုင်ရန်၊ မိဖုရားနှင့် အခြွေအရံများ နေထိုင်ရန်၊ စစ်သည် ဗိုလ်ပါများ နေထိုင်ရန်၊ ဆင်၊ မြင်း၊ ရထားများထားရှိရန်၊ ထို ဆင်မြင်းရထားတို့ကိုစောင့်ကြပ်မည့်သူများနေထိုင်ရန် အတတ်ပညာရှင်တို့အား အခပေး၍ အလျင်အမြန် ဆောက်လုပ်စေသည်။

## ဝိသာခါ အသိကြွယ်ပုံ

ကောသလမင်းကြီးနောက် လိုက်ပါလာကြ သူများတွင် ဆင်ထိန်း၊ မြင်းထိန်းတို့ မင်္ဂလာပွဲကို လွတ်လပ် ပျော်ရွှင်စွာ မကြည့်ရှုရဘဲ နေမှာ စိုးရိမ်သည်။ ထိုသူတို့ လွတ်လပ်ပျော်ရွှင်စွာ ကြည့်ရှုနိုင်ရန် မိမိတို့ဘက်မှ လူများကို အဆင်သင့် ထိန်း

သိမ်းပေးရန်ကိုပါ စီစဉ်ထားသည်။ သာဝတ္ထိပြည်မှ မဂ်လာ အခမ်းအနားသို့ ရောက်လာသမျှ ပရိသတ်များ စိတ်ပန်း ကိုယ်နွမ်း မဖြစ်ကြရအောင် အားလုံး အဆင်သင့် ပြုလုပ်ထား ကြသည်။

## မဟာလတာတန်ဆာစီရင်ပုံ

ဓနဥ္စယသူဌေးသည် သမီးငယ်ဝိသာခါမင်္ဂလာအခမ်းအနား တွင် ဝတ်ဆင်ရန် မဟာလတာ တန်ဆာကို စီရင်စေသည်။ ငါးရာသော ရွှေပန်းထိမ်သည်တို့ကို ခေါ်ယူစေပြီး နီမြန်းသော ရွှေခင်နိက္ခ တစ်ထောင်ကိုလည်းကောင်း၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ၊ ဝရဇိန် စသည်တို့ကိုလည်းကောင်း ထုတ်ပေး၏။

ကောသလမင်းကြီးသည် သာကေတမြို့ ဓနဥ္စယသူဌေး၏ သမီး ဝိသာခါမင်္ဂလာအခမ်းအနားသို့ ရောက်ရှိပြီး နှစ်ရက် သုံးရက်အကြာတွင် ပြန်တော့မည်ဟု ဓနဥ္စယသူဌေးအား ပြော ကြားလိုက်၏။ စစ်သည်ဗိုလ်ပါတို့နှင့်တကွ မြို့သူမြို့သားတော်ပါ ပါရှိလာ၍ အားနာကြောင်း ပြောကြား၏။

ထိုအခါ ဓနဥ္စယ သူဌေးက အရှင်မင်းကြီး စိုးရိမ်တော်မူလို့ ကြောင့်ကြတော်မမူပါနှင့်။ ယခုအခါ မိုးကျလာပါပြီ၊ လမ်း တွင် ရွှံ့နွံတွေထူထပ်ပြီး အသွားအလာတွေ ခက်ခဲနေပါပြီ၊

အရှင်မင်းကြီးတို့ ပြန်နိုင်ဖို့ရက်ကို ကျွန်ုပ်ကြိုတင်လျှောက်ထား ပါမည်''ဟု သံတော်ဦးတင်လိုက်၏။

ဝိသာခါသတို့သမီး၏ မင်္ဂလာအခမ်းအနား စတင်သည့် ရက်မှစ၍ သာကေတမြို့သူမြို့သားအားလုံးတို့သည် နက္ခတ်ပွဲသဘင်ကြီးကဲ့သို့ ပျော်ရွှင်မဆုံး၊ တပြုံးပြုံးဖြစ်နေကြ၏၊ ဓနဉ္စယ သူဌေးကြီးက ရောက်ရှိလာသသမျှရိယတ်တို့အား စကျွေးမွေးမြူခံ သည့်အပြင် ပစ္စည်းဥစ္စာ အဖြာဖြာတို့ကို ပေးကမ်းစွန့်ကြဲ၏။ မြို့သူမြို့သားတွေမှာ သူကဖြင့်လည်း မင်းကြီးက ငါ့ကိုသာပို၍ ချီးမြှင့်ပေးကမ်း၏။ ငါ့ကိုသာပို၍ချီးမြှင့်၏-ဟု လူတိုင်းလူတိုင်း က အထင်ရောက်ကြရ၏၊

သုံးလကြာသွားသည့်တိုင် မဟာလတာတန်ဆာကား မပြီး ဆုံးသေး။ လေးလကြာမှ ပြီးဆုံးသွားတော့၏။

ထိုမဟာလတာတန်ဆာကားအဖိုးငွေကိုးကုဋေထိုက်တန်၏။ နှီးထိမ်သည်လက်ခ အဖိုးတစ်သိန်းပေးရ၏။

## ဝိသာခါသတို့သမီး၏ ရှေးကုသိုလ်

ဝိသာခါသတို့သမီးကား ကဿပဘုရားရှင် လက်ထက်တော် က ယိးဿာတော်နှစ်သောင်းတို့အား မိမိပစ္စည်းတို့ဖြင့် သက်နီး

တို့ကို ပေးလှူခဲ့ဖူးသော ကောင်းမှုအကျိုးကြောင့် ယခုဘဝ မဟာလတာတန်ဆာကို ဝတ်ဆင်ရခြင်းဖြစ်သည်။

## ဓနဉ္စယသူဌေးက သမီးအတွက်လက်ဖွဲ့ခြင်း၊

သမီးဝတ်ဆင်ရန် မဟာလတာတန်ဆာ ပြုလုပ်ပေးပြီး ဓနဉ္စယသူဌေးက

အသပြာ လှည်းငါးရာ၊

ရွှေခွက် လှည်းငါးရာ၊

ငွေခွက် လှည်းငါးရာ၊

အဝတ် ပုဆိုး ပိုးချည်တို့ဖြင့် ပြည့်သော လှည်းငါးရာ၊

ထောပတ် လှည်းငါးရာ၊

ဆီလှည်း ငါးရာ၊

ထွန်သွပ်း၊ ထွန်တံ လယ်ယာသုံး ကိရိယာ လှည်းငါးရာ၊

စသည်ဖြင့် လိုလေသေးမရှိအောင်ပေးကမ်းချီးမြှင့်လိုက်၏။

ရထားတစ်စီးလျှင် အဝတ်တန်ဆာအပြည့်အစုံနှင့် ကျွန်မ သုံးယောက်စီ ရထားအစီးငါးရာ၊ ကျွန်မအခြံအရံတစ်ထောင့် ငါးရာပါ ထည့်ပေးလိုက်၏။

မင်းကြီးကား သမီးအတွက် ပေးကမ်းရခြင်းမှာ အားမရသေး၊ အကျယ်အားဖြင့်တစ်ဥသဘအရှည်အားဖြင့် သုံးဂါဝုတ်ရှိသောနွားများကို ပေးပြီး ဘော်လောက်ပြီဟု ခြံတံခါးကို ပိတ်လိုက်၏။

ဖခင်သူဌေးကြီးက တော်လောက်ပြီဟုခြံတံခါးကိုပိတ်လိုက်သော်လည်း သမီးဝိသာခါ၏ ရှေးကောင်းမှုကြောင့်ပင် ခြံအတွင်းရှိ နွားလားဥသဘတို့သည်လည်းကောင်း နို့စားနွားမတို့သည်လည်းကောင်း၊ နွားပိုက်ငယ်တို့သည်လည်းကောင်းခြံတွင်းမှခုန်၍လိုက်ကြသည်မှာခြောက်သောင်းခြောက်သောင်းစီမျှရှိ၏။

## ရှေးကုသိုလ်ကံလုံ့ ဆော်ဖန်ရပုံ

ဝိသာခါ သတို့သမီးသည် ကဿပ ဘုရားရှင် လက်ထက်တော်မှာပင် ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်အနက် အငယ်ဆုံးသော သမီးဖြစ်ခဲ့၏။ထိုအခါကပင် သံဃာတော်အရှင်မြတ်တို့အား အကောင်းဆုံးသော နို့ဆွမ်းများကို လှူဒါန်းခဲ့သည်၊ သံဃာတော်များက သပိတ်ကို ပိတ်၍ တန်ပါပြီဟု တားမြစ်သော်လည်း ဤအရသာကား ချိုပါသည်ဘုရား။ဤအရသာကား မြိန်ပါသည်ဘုရား။ဟု လျှောက်ထား၍လှူဒါန်း၏။

ယင်းကောင်းမှုအကျိုးဆက်ကြောင့် နွားတို့သည် ဟန့်တား၍မရအောင် ခြံတွင်းမှ ခုန်ဆင်း၍ ဝိသာခါသတို့သမီးနောက်လိုက်ပါကြရခြင်းဖြစ်သည်၊

## ဝိသာခါသတို့သမီး၏ မိခင်ဆန္ဒ

အချို့သောသူတို့က သူဌေးကတော်ကြီးကို မေးကြ၏၊

"သူဌေးကတော်ကြီး၊ သူဌေးကြီးကသာ သမီးအတွက် အမျိုးမျိုးသော ပစ္စည်းဥစ္စာတွေနှင့် ကျွန်အမှုလုပ်တို့ကို ချီးမြှင့် မြှောက်စားပြီး၊ အဘယ်ကြောင့်သူဌေးကတော်ကြီးက မည်သည့် အစီအမံမျှ မပြုလုပ်ပါသနည်း" ဟုမေးကြ၏။

ထိုအခါ သူဌေးကတော်ကြီးက "ငါ့သမီ ဝိသာခါ ရထားပေါ်ရောက်မှ မြို့သူမြို့သားများ လိုက်ပါနိုင်သမျှ လိုက်ပါသွားကြရန် အပ်နှင်းလိုက်မည်" ဟု ပြောဆို၏၊

## ဖခင်ဓနဉ္စယ၏ ဩဝါဒ ဆယ်ချက်

ဖခင်သူဌေးကြီးက သမီးဝိသာခါကိုခေါ်၍ပြောဆိုဆုံးမ၏၊ ထိုစကားများကို မိဂါရသူဌေး (ဝိသာခါ၏ယောက္ခမအထီး) က တစ်ဖက်ခန်းမှ တိတ်တခိုး ခိုးနားထောင်နေ၏။

ဖခင်သူဌေးကြီးက "ငါ့သမီးငယ် အရွယ်မရောက် မကြီး ပြောက်သေးခင် ယောက္ခမအိမ်သို့ လိုက်ပါသွားရတော့မည်။

"ချွေးမတို့ လိုက်နာပြုကျင့်ရမည့် အချက် (၁၀)ချက် ကို မြဲမြဲ မှတ်၍ သွားပေလော့" ဟု ဆို၏။

## ချွေးမတို့ လိုက်နာရမည့် ကျင့်ဝတ်(၁၀)

၁။ အတွင်းမီး အပြင် မထုတ်နှင့်၊
၂။ အပြင်မီး အတွင်း မသွင်းနှင့်၊
၃။ ပေးသူအား သာ ပေးပါ၊
၄။ မပေးသူအား မပေးနှင့်၊ လုံးဝ မပေးဘဲလဲ မနေနှင့်၊
၅။ ပေးသင့်သူကို ပေးသင့်၏၊
၆။ ချမ်းသာစွာ နေပါ၊
၇။ ချမ်းသာစွာ စားပါ၊
၈။ ချမ်းသာစွာ အိပ်ပါ၊
၉။ မီးကို လုပ်ကျွေးပါ၊
၁၀။ အိမ်တွင်းနတ်ကို အမြဲ ရှိသေပါ။

ဤသို့ ဖခင်ကြီးက ဆုံးမ ဩဝါဒပေး၏။ နောက်တစ်နေ့ တွင်မူ ကောသလမင်းကြီးနှင့်တကွ စစ်သည် ဗိုလ်ပါတို့ကို စည်းဝေးစေ၍သာဝတ္ထိပြည်မှ သူဌေးကြီးရှစ်ဦးတို့ကိုလည်း ပရိ သတ် အလယ်သို့ ပင့်ဖိတ်ပြီးလျှင်–

"သူဌေးကြီးတို့၏ နိုင်ငံသို့ ကျွန်ုပ်၏သမီးကို ထည့်လိုက်ရ ပါတော့မည် ခင်ဗျား၊ ကျွန်ုပ်၏ မျက်ကွယ်တွင်ဖြစ်၍ ဖခင် အရာက ကျွန်ုပ်ကိုယ်စား အစစအရာရာ သွန်သင်ဆုံးမတော် မူကြပါရန် အပ်နှံပါသည်။"

## မဟာလတာတန်ဆာကို ဝတ်ဆင်စေပြီ

ဖခင်သူဌေးကြီးက သမီးဝိသာခါအား မဟာလတာ တန်ဆာကို ဝတ်ဆင်စေသည်။ ထို့နောက် ရေချိုး၊ ကသယ်မှုန့်ဖိုး အဖြစ် ငါးဆယ့်လေးကုဋေမျှသော ဥစ္စာတို့ကို ပေး၏၊ ပြီး ရထားထက်သို့ တက်စေ၍ သာကေတမြို့တော်၏ တစ်ဆယ့် လေးရွာတို့၌ နေထိုင်ကြသူများတွင် ငါ၏ သမီးနောက်သို့ လိုက်လိုသမျှ လိုက်ပါနိုင်ကြကြောင်း စည်မောင်းတို့ကို လှည့် လည်တီးခတ်စေသည်။

## ကောသလမင်းကြီး ပြန်လည်ကြွမြန်း

ဓနဉ္စယသူဌေးကြီးသည် ကောသလမင်းကြီးနှင့် စစ်သည် ဗိုလ်ပါတို့အားလည်းကောင်း၊ မိဂါရသူဌေးကြီးနှင့် ပရိသတ် တို့အားလည်းကောင်း နှုတ်ခွန်းဆက်သပြီး သမီးဝိသာခါကို ထည့်လိုက်ကာ အနည်းငယ် လမ်းခရီးတိုင် လိုက်ပို့၏။

## မိဂါရသူဌေး လန့်ကြောဆဲပြီ

မိဂါရသူဌေးသည် စစ်သည်တို့၏နောက်မှ ရထားဖြင့် လိုက်ပါနေစဉ် တစ်ဆယ့်လေးရွာတို့မှ လိုက်လာကြသည့်လူထု ကြီးကို မြင်တွေ့လိုက်ရ၏။ စုံစမ်းမေးမြန်းသော် ဝိသာခါသတို့ သမီးကို လေးစားချစ်ကြည်၍ လိုက်လာကြောင်းသိရ၏။

ထိုအချိန်တွင် မိဂါရသူဌေးသည် ဤမျှ များပြားလှသည့် လူထုကြီးကို မည်သို့မျှ ဧည့်ခံကျွေးမွေးနိုင်မည်မဟုတ်ဟု တုန်လှုပ်ချောက်ချားသွား၏။ ခေါင်းနားပန်းကြီးကာ မျက်လုံးပြူးသွားရ၏။

## လူထုကြီးကို ခံနိုင်ပေါက်စေပြီ

မိဂါရသူဌေးသည် လိုက်ပါလာကြသည့် ပရိသတ်ကြီးကို ခံ၊ တုတ်ဘို့ဖြင့် ရိုက်နှက်ပစ်ခတ်စေသည်။ အတုံးအရုံး ပြေးလွှားကြနှင့် ပြန်သွားကြစေ၏။ ကျန်သမျှလူ အနည်းငယ်ကို သာ လိုက်ပါစေတော့၏။

## ဝိသာခါ စဉ်းစားခန်း

ဝိသာခါသတို့သမီးသည် သာဝတ္ထိမြို့တွင်းသို့ မဝင်မရောက်မီ ရထားထက်၌ စဉ်းစား၏၊ "ငါသည် မြို့တွင်းသို့ဝင်သော် ရထားအမိုးဖွင့်၍ ဝင်ရကောင်းမည်လော၊ အမိုးမဖွင့်ဘဲ ဝင်ရကောင်းမည်လော" ဟု စဉ်းစား၏။

နောက်ဆုံး လူအများမြင်သာအောင် ရထားအမိုးဖွင့်ပြီး ဝင်ရန် ဆုံးဖြတ်လိုက်၏၊

## ဝိသာခါ၏ဂုဏ်သတင်း

## တစ်ပြည်လုံးသို့ ပျံ့သင်း

သာဝတ္ထိမြို့သူမြို့သားတို့သည် ဝိသာခါလာရာ ရထားလမ်းဘေးတို့မှ ဦးခေါင်းတပြူပြူ သူ့ထက်ငါ မြင်သာအောင် အတင်းတိုးဝှေ့၍ ကြည့်ကြ၏။

ဝိသာခါ၏အလှဂုဏ်သတင်းသည်လည်းကောင်း၊ မဟာလတာတန်ဆာ၏ မြင့်မြတ်ခန့်ထည်သော ဂုဏ်သတင်းသည် လည်းကောင်း တစ်မြို့လုံးသို့ ပျံ့နှံ့သွားတော့၏၊

## ဝိသာခါ၏ တုံ့ပြန်စေတနာ

သာကေတမြို့ ဝိသာခါ၏ မင်္ဂလာအခမ်းအနားသို့ လိုက်ပါသွားခဲ့ကြသည့် လူအပေါင်းတို့သည် သာဝတ္ထိပြည် မိမိတို့နေအိမ် တိုက်ခန်းများသို့ ပြန်လည်၍ရောက်ရှိကြ၏။ လိုလေသေးမရှိအောင် ဧည့်ခံပြုစုကြသည်ကို တုံ့ပြန်၍ လက်ဆောင်ပစ္စည်းမျိုးစုံတို့ကို ဝိသာခါသတို့သမီးထံ ပို့ကြ၏။ ဝိသာခါသတို့သမီးက သာဝတ္ထိမြို့တွင်းရှိ ဦးရီး၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ ညီမအားလုံးတို့ထံ လက်ဆောင်ပစ္စည်းများပြန်လည်၍ ပို့စေ၏။

တစ်မြို့လုံးရှိ လူအပေါင်းတို့သည် ဝိသာခါသတို့သမီး အပေါ် ချစ်ခင်လေးမြတ်ခြင်း ဖြစ်သွားကြကုန်၏။

## ဝိသာခါ၏ ထူးခြားပုံတစ်သွယ်

ဝိသာခါ သတို့သမီး ရောက်ရှိသည့်ညဉ့်၌ပင် အာဇာနည် မြင်းငယ်ကလေးကို ဖွားမြင်၏၊ ဝိသာခါသည် အဖော်များကို ခေါ်၍ မီးရှူးတိုင်များ ကိုင်ဆောင်စေကာ မြင်းစောင်းသို့ သွား၏။ မြင်းမကို ရေနွေးဖြင့် ကိုယ်တိုင် ဆေးကြော သုတ်သင် ပေးပြီး ဆီဖြင့် ပွတ်သပ် လိမ်းကျံပေး၏။

## မိဂါရသူဌေး၏ မင်္ဂလာဆွမ်းကျွေးပွဲ

မိဂါရသူဌေးသည် သူကိုးကွယ်ထားသည့် အစေလက တက္ကတွန်းတို့ကို မင်္ဂလာ ဆွမ်းကျွေး ကပ်ရန် ပင့်ထား၏။ တက္ကတွန်း ကိုယ်တော်များကလည်း ဒကာပင့်သည့် အချိန်နှာရီအတိုင်း ကြွလာကြ၏။

ချွေးမ ဝိသာခါသည် သူ၏အခန်းတွင် ပြင်ဆင်ဖြီးလိမ်းနေ၏၊ မိဂါရသူဌေးက ရဟန္တာအရှင်မြတ်များ ကြွလာပြီး သမီး ဝိသာခါကို ခေါ်လိုက်ပါ၊ ဖူးချအောင်ဟု ပြောဆို၍ ဝိသာခါကို ခေါ်စေ၏။ အလျင်စလိုပင် ဝိသာခါ ရောက်ရှိလာ၏။ ဝိသာခါသည် အစေလက တက္ကတွန်းတို့ကို မကြည့်ရှုတော့၊ ဟိရိ ဩတ္တပ္ပ ကင်းမဲ့စွာ အဝတ်မပါ ဗလာကိုယ် ချည်း ဖြစ်ကြသည့် တက္ကတွန်းတို့ကို မဝံ့မရဲကြည့်ပြီး 'ရှုံရှာဖွယ် နှိုင်စွ ရှုံရှာဖွယ်နှိုင်စွ' ဟု ပြော၍ မိမိအခန်းတွင်းသို့ ပြန်လည် ဝင်သွား၏။

ထိုအခါ တက္ကတွန်းတို့က ဒကာရင်း မိဂါရ သူဌေးကို ပြော၏။

"သင်သူဌေးကြီး၊ ရဟန်း ဂေါတမ အနွယ် သူငယ်မကိုမှ ချွေးမတော်ရသလား"

"မှန်လှပါ၊ အရွယ်က ငယ်သေး၍ နားမလည်သေးပါ၊ ခွင့်လွှတ်ကြပါဘုရား" ဟု တောင်းပန်၏။ မင်္ဂလာဆွမ်းကျွေးပွဲသည် ပြီးဆုံးသွားတော့၏။

## ချွေးမ ဝိသာခါကို နှင်ထုတ်ပြီ

မိဂါရသူဌေးသည် မရေမရာသောနို့ထမင်းကို ရွှေခွက်ဖြင့် စားနေစဉ် ရဟန်းတော်တစ်ပါး ကြွလာ၏။ အိမ်ရှေ့၌ ဆွမ်းအလို့ငှာ ရပ်တော်မူ၏။ သူဌေးကြီးသည် မမြင်ဟန် ပြု၏။ ဝိသာခါသည် ထိုအခြင်းအရာကို မြင်တွေ့၍ ရဟန်းတော်အနီးသို့ သွား၍ ရိုသေစွာရှိခိုးပြီး "ကန်တော့ဆွမ်းပါဘုရား၊ ဖခင်သည် အစာဟောင်းကိုသာ စားနေသူဖြစ်ပါသည်ဘုရား" ဟု လျှောက်၏၊ ရဟန်းတော်သည် ဝိသာခါ၏ အသံကြား၍ ပြန်လည်ကြွသွား၏။

မိဂါရသူဌေးသည် စိတ်ဆိုးမိုးဆိုးဖြင့် မျက်မှောင်ကြုတ်ပြီး စာ ဝိသာခါကိုကြည့်၍ စားလက်စ ရွှေခွက်မှ လက်ရုပ်၍-

"ငါ့ကို များ အစာဟောင်း မစင်စားသူဟု အရှိအသေ ကင်းမဲ့စွာ ပြောရဲလောင်းလား"ဆိုပြီး ချွေးမ ဝိသာခါကို အိမ်မှ နှင်ထုတ်လေ၏။

## ဝိသာခါက မဆင်းနိုင်တဲ့၊

နှင်ထုတ်ခံရသည့် ဝိသာခါ သတို့သမီးက အိမ်ပေါ်မှ မှဆင်းနိုဒ်ပါဟု ငြင်းဆို၏။ ကျွန်မဖခင်က သူဌေးကြီးရှစ်ဦး တို့၏ အဆုံးအဖြတ်ကို ခံယူရမည်ဟု မှာကြားထားပါသည်ဟု ဆို၏။

ထိုအခါ မိဂါရသူဌေးက သူဌေးကြီး ရှစ်ဦးတို့ကို ခေါ်စေ သည်။ သူဌေးကြီးရှစ်ဦးတို့ကို ပြော၏၊ "ကျွန်ုပ်အား မထိ လေးစား အရေးမထားဘဲ အစာဟောင်း မစင်စားသူဟု ပြော ပါ၏၊ ဒါကြောင့် နှင်ထုတ်ရကြောင်း" ပြောဆို၏။

ဝိသာခါသတို့သမီးက ရှင်းပြသည်။ "မှန်ပါသည်၊ ကျွန်မ ၏ ယောက္ခမသည် ရှေးကုသိုလ်ကံဟောင်း၏ အကျိုးဆက်

အစစအဟောင်း ယခုဘဝအစာကို စားနေခြင်း ဖြစ်ကြောင်း ပြောဆိုရတာပါ”ဟု ရှင်းပြ၏။

## သူဌေးကြီးများ ထောက်ခံပြီ

သူဌေးကြီး ရှစ်ဦးတို့က “အရှင်သူဌေးမင်း၊ ငါတို့၏သမီး တွင် အပြစ်မရှိပါ၊ ကောင်းသောစကားကိုသာ ပြောဆိုခြင်း ဖြစ်သည်”ဟု ဝိသာခါ ဘက်မှ ထောက်ခံစကား ပြောကြား၏။

မိဂါရသူဌေးက “ဤစကားမှာ မထင်ရှား၍ အပြစ်မရှိလျှင် ထားဦးလော့၊ တစ်နေ့ညက ညဉ့်နက်သန်းခေါင် ကျွန်မိန်းမ-ကျွန်ယောက်ျားများနှင့် အိမ်အနောက်မှ ဆင်းသွားခြင်းမှာ အပြစ်ရှိပါသလော”

“မှန်လှပါ၊ အာဇာနည်မြင်းမ ဖွားမြင်၍ ပြုစု စောင့်ရှောက်ရန် သွားခြင်းသာ ဖြစ်ပါသည်”ဟု ဖြေဆိုသည်။

သူဌေးကြီးတို့က “အရှင်သူဌေးမင်း၊ ကျွန်ုပ်တို့၏ သမီး တွင် အပြစ်မရှိပါ၊ အစေခံ ကျွန်တို့ ပြုလုပ်သည့် အမှုကိုပင် ပြုလုပ်ပေ၏၊ ချီးမွမ်းရမည့်သူ မဟုတ်ပါလော”ဟု ပြောဆို ကြ၏။

"ရှိစေတော့၊ ရှိစေတော့၊ သာကေတတွင် သင့်ဖခင်ဓနဉ္စယ သူဌေးကြီးက သမီးတော်အား အခန်းတွင်း၌ တိတ်တဆိတ် မှာကြားသော လျှို့ဝှက်စကား ဆယ်ခွန်းရှိပါသည်၊ ထိုလျှို့ဝှက်စကား ဆယ်ခွန်းတို့၏ အဓိပ္ပါယ်များကို ရှင်းပြစေလိုပါသည်"ဟု ဆိုပြန်၏၊

## ဖခင်၏ဩဝါဒ စကားဆယ်ခွန်း အဓိပ္ပါယ်

"အဖေကြီးတို့၊ ကျွန်မဖခင် မှာကြားသော စကား ဆယ်ခွန်း အဓိပ္ပါယ်တို့မှာ—

၁။ အတွင်းမီးကို အပြင် မထုတ်နှင့် ဟူသော စကားဓိပ္ပါယ်မှာ အိမ်တွင်း၌ ယောက္ခမ၊ ချစ်လင်တို့၏ ကျေးဇူးမဲ့စကားကို အပြင်၌ မပြောဆိုပါနှင့်။ ဤသို့ပြောခြင်းဟူသော ပူလောင်စေတတ်သော မီးသည် လောက၌ မရှိဟု ဆိုလိုပါသည်။

၂။ အပြင်မီး အတွင်းမသွင်းနှင့် ဟူသည်မှာ အိမ်နီးချင်းတို့က ယောက္ခမ၊ ချစ်လင်တို့၏ မကောင်းသတင်း အတင်းအဖျင်း ပြောဆိုခြင်းကို ယောက္ခမ၊ ချစ်လင်တို့အား ပြန်လည်

ပြောဆိုခြင်းသည် အပြင်မှ မီးကို အိမ်တွင်းသို့ ယူဆောင်လာသည်ထက် ပူလောင်သော မီးသည် မရှိဟု ဆိုလိုပါသည်။

၃။ ပေးသောသူအားသာ ပေးပါဟူသည်မှာ ဥစ္စာပစ္စည်းတို့ကို လာရောက် တောင်းသောအခါ ပြန်လည် ပေးမည့်သူကိုသာ ပေးရမည်ဟု ဆိုလိုပါသည်။

၄။ မပေးသူအား မပေးနှင့် ဟူသည်မှာ မိမိတို့ ပေးထားသော ပစ္စည်းများ အလိုရှိ၍ တောင်းသောအခါ ပြန်မပေးသူအား မပေးမိစေနှင့်ဟု ဆိုလိုပါသည်။

၅။ မပေးသူကိုလည်း ပေးသင့်၏၊ ပေးသူကိုလည်း ပေးသင့်၏ ဟူသည်မှာ ဆင်းရဲနွမ်းပါးသော ဆွေမျိုးမိတ်သင်္ဂဟများ ရောက်လာသည်ရှိသော် ပြန်၍ ပေးနိုင်သည် ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ၊ အထိုက်အလျောက် ချီးမြှောက် ပေးကမ်းရမည်ဟု ဆိုလိုပါသည်။

၆။ ချမ်းသာစွာ နေပါ ဟူသည်မှာ ယောက္ခမ ချစ်လင်တို့ကို မြင်လျှင် ထင်အပ်သော နေရာ၌ ထိုင်နေခြင်းငှာ မလျောက်ပတ်သည်ကို ရည်ညွှန်း၍ ဆုံးမခြင်း ဖြစ်ပါသည်။

၇။ ချမ်းသာစွာစားပါ ဟူသော စကားမှာ ယောက္ခမချစ်လင်တို့၏ အလျှင် ဦးစွာ စားသောက်ခြင်းကို မပြုပါဘဲထိုသူတို့ စားသောက်ရန် ပြင်ဆင်ပေးပြီး ပြည့်စုံ လုံလောက်

သည်၊ မပြည့်စုံလောက်သည်ကို သိပြီး နောက်မှ မိမိ စား သောက်ရမည် ဟု ဆိုလိုပါသည်။

၈။ ချမ်းသာစွာ အိပ်ပါ ဟူသည်မှာ ယောက္ခမ ချစ်လင်တို့၏ အလျင် အိပ်ရာသို့မဝင်ဘဲ ယောက္ခမ၊ ချစ်လင်တို့ကို ရှိခိုး ဦးချ ဝတ္တရားပြုပြီးမှ အိပ်ရာဝင်ရမည်ဟု ဆိုလိုပါသည်၊

၉။ မီးကို လုပ်ကျွေးပါ ဟူသည်မှာ အရှင်လင်၏ မိခင် ဖခင်တို့ကို မီးပုံကြီးကဲ့သို့ လည်းကောင်း၊ အဆိပ်ပြင်းသော နဂါးမင်းကဲ့သို့လည်းကောင်း ရိုသေလေးစား ကြောက်ရွံ့ ခြင်းဖြင့် ပြုစုရမည်ဟု ဆိုလိုပါသည်။

၁၀။ အိမ်တွင်းနတ်ကို ရိုသေပါ ဟူသည်မှာ အရှင်လင်၏ မိခင်ဖခင်တို့ကို လည်းကောင်း၊ အရှင် လင်ယောကျ်ား တို့ကို လည်းကောင်း နတ်ကဲ့သို့ အမြဲရိုသေ ပြုစုလုပ်ကျွေးရမည်ဟု ဆိုလိုပါသည်။

## မိဂါရသူဌေး ငေးရှာပြီ

ဝိသာခါ သတို့သမီးက ဖခင်၏ ဩဝါဒ စကားများကို ရှင်းပြ ပြောဆိုလေရာ သူဌေးကြီးရှစ်ဦးတို့နှင့် မိဂါရ သူဌေး ကြီးသည် ငေး၍သာ နေရှာလေသည်။

မိဂါရသူဌေးသည် တစ်စုံတစ်ရာ နောက်ထပ်စကားများ မဟာရှာတော့ပေ။ "ဪ....ငါ၏ချွေးမလေးကား မိန်းမမြတ် ပညာတတ်ကလေးပါတကား" ဟု အောက်မေ့၍သာ နေရှာတော့၏။

သူဌေးကြီးတို့က မိဂါရသူဌေးအား "သမီး ဝိသာခါ အပေါ် နောက်ထပ် တစ်စုံတစ်ရာ ပြောစရာများ ရှိပါသေးသလော" ဟု မေး၏။ မိဂါရသူဌေးကြီးက "မရှိတော့ပါ" ဟု ညှိုးငယ်စွာ ဖြေကြား၏၊

## ဝိသာခါ တစ်ဆင့်တက်ပြီ

ထိုအခါ ဝိသာခါသည်တို့သမီးက "အဖေကြီးတို့၊ ကျွန်တော်မ၏ ဖခင်က အဖေကြီးတို့၏ ကျွန်တော်မအား သမီးရင်းပမာ ဆုံးမစရာ အဖြာဖြာတို့ကို ဆုံးမရန် အပ်နှံခဲ့ပါသည်။ ကျွန်တော်မတွင် အပြစ်မရှိပါဘဲလျက် အိမ်မှ နှင်ထုတ်ခဲ့ပြီးဖြစ်၍ ကျွန်တော်မ၏ အပေါင်းအဖော် ကျွန်သင်းပင်းတို့နှင့်တကွ ဤအိမ်မှ ထွက်ခွာ၍ မိဘရပ်ထံ ပြန်ခွင့်ပြုကြပါရန် တောင်းပန်ပါ၏" ဟု ပြောကြား၏။

## မိဂါရသူဌေး တောင်းပန်ရပြီ

ဝိသာခါ၏ စကားများကို မိဂါရ သူဌေး ကြားလျှင် အဆောတလျင် နေရာမှ ထ၍ "ချစ်သမီး၊ သမီးရဲ့ ပညာကြီးပုံ အလုံးစုံကို မသိရ၍သာ ပြောဆိုမိပါသည်။ ချစ်သမီး သည်းခံပါ၊ ငါ တောင်းပန်ပါ၏" ဟု ဆိုလေ၏။

## ဝိသာခါ လိုရာရပြီ

ဝိသာခါ သမီးငယ်က "ဖခင်ကို ကျွန်တော်မသည် သည်းခံပါ၏၊ ခွင့်လွှတ်ပါ၏၊ သို့သော် ကျွန်တော်မသည် မြတ်ဗုဒ္ဓ၌ သက်ဝင် ယုံကြည် ဆည်းကပ်သူ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓနှင့် သံဃာတော်အရှင်မြတ်တို့ကို ဆည်းကပ်ကိုးကွယ် ပြုစု လုပ်ကျွေးခွင့် ရရှိပါလျှင် ဤဖခင်တို့၏ နေအိမ်၌ နေပါမည်" ဟု ဆို၏။

ထိုအခါ မိဂါရသူဌေးကြီးသည် "ချစ်သမီး ဝိသာခါ၏ အလိုဆန္ဒအတိုင်း ကိုးကွယ်ဆည်းကပ်ခွင့်ပြုပါ၏" ဟု လိုက်လျော၏။

## ဝိသာခါ၏ ဆွမ်းကပ်လှူပွဲ

နောက်တစ်နေ့တွင် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို အိမ်သို့ ပင့်၍ ဆွမ်းကပ်လှူ၏။ ဘုရားရှင်နှင့်တကွ သံဃာတော်များ ကြွရောက်တော်မူလာကြပြီးနောက် ဆွမ်းခဲဖွယ် စသည်တို့ကို အသင့်ပြင်ပြီးလျှင် ယောက္ခမ မိဂါရသူဌေးကြီး ကိုယ်တိုင် လာ၍ကပ်ရန် ပြောကြားစေ၏။

ထိုအချိန်တွင် မိဂါရသူဌေးအိမ်ခြံဝင်းအတွင်း ပတ်ပတ်လည်တွင်၊ မိဂါရသူဌေးကိုးကွယ်သော အစေလက အဝတ်မပါ ဗလာကိုယ်တည်း တက္ကတွန်းကိုယ်တော်ကြီးများသည်း ရောက်ရှိနေကြသည်။

ထိုတက္ကတွန်းတို့သည် ဝိသာခါ၏ စကားကို ကြားကြရ၍ "အရှင်သူဌေးကြီး၊ ရဟန်းဂေါတမထံ 'မသွားလေနှင့်'" ဟု တားမြစ်ကြ၏။

မိဂါရသူဌေးသည် သမီးဝိသာခါအား "သမီးကိုယ်တိုင်ပင် ကပ်လှူပေတော့" ဟု မှာကြားပြောစေ၏။

ဝိသာခါ၊ သတို့သမီးသည် မြတ်ဗုဒ္ဓနှင့်တကွ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းကပ်ပြီးနောက် 'ဆွမ်းအနုမောဒနာ တရား နာယူရန် မိဂါရသူဌေးထံ စေလွှတ်ပြောကြားစေပြန်၏။

မိဂါရသူဌေး ကြားသိလျှင် တက္ကတွန်းကိုယ်တော်ကြီးတို့ကို "အရှင်တို့ ဒီတင်ကြိမ် တရားသွားမနာလျှင် မတော်ဘူးထင်တယ်၊ တရားနာချင်သည်ဖြစ်စေ၊ မနာချင်သည်ဖြစ်စေ သွားမှတော်မည်" ဟု ပြောကြား၏။

တက္ကတွန်းကိုယ်တော်တို့က "ဒီလိုဆိုလျှင် တင်းတိမ်ကန့်လန့်ကာများကို ကာထားရမည်၊ ရှင်ကြီးဂေါတမ မမြင်ရအောင် အတွင်းက နေရမည်" ဟု ပြော၏။

## မိဂါရသူဌေး၊ မနေနိုင်တော့ပြီ

မိဂါရသူဌေးသည် တက္ကတွန်းတို့၏ အစီအမံအတိုင်း တင်းတိမ်အတွင်းမှနေ၍ မြတ်စွာဘုရား၏ တရားတော်များကို နာယူ၏။

မြတ်စွာဘုရား သခင်က "သင်သည် တင်းတိမ်တွင်းမှ နေသည်ဖြစ်စေ၊ တိုက်နံရံခြားသောအရပ်၌ နေသည်ဖြစ်စေ၊ အခြားသောစကြဝဠာတိုက်၌ နေသည်ဖြစ်စေ၊ ငါ၏တရားတော်များကို မနာကြားဘဲနေခြင်းငှာ မတတ်စကောင်းချေ" ဟု အမြိုက်တရားများကို ဟောကြားလေ၏။

မိဂါရသူဌေးသည် မြတ်စွာဘုရား၏ တရားတော်များကို နာကြားနေရစဉ် ဘုရားသခင်သည် မိမိကိုယ်ပင် စေ့စေ့ကြည့်ရှုပြီး ဟောတော်မူနေသည်ဟု ထင်နေ၏။ ဘုရားရှင်၏တရားတော်များကို နာကြားရပြီးနောက် သဒ္ဓါတရားပြည့်ဝစွာဖြင့် သောတာပတ္တိဖိုလ်၌ တည်၏။

ထို့နောက် တင်းတိမ်ကို မ,ပြီး ချွေးမ ဝိသာခါရှိရာသို့ ထသွားပြီး ဝိသာခါ၏ သားမြတ်တို့ကို ခံတွင်းဖြင့်ငုံလျက် "သမီးသည် ယနေ့မှစ၍ ငါ၏မိခင်ပေတည်း"ဟု မိခင်အရာ၌ထား၏။

ထိုအချိန်မှ စ၍ ဝိသာခါသည် "မိဂါရမာတာ" မိဂါရသူဌေး၏မိခင်ဟူ၍ တွင်လာတော့သည်။

## မိဂါရ ဗုဒ္ဓ၏ ခြေတော်သို့

မိဂါရ သူဌေးသည် မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒိုတို့ကို နှုတ်ဖြင့် အကြိမ်ကြိမ်ထိစပ်၊ လက်တို့ဖြင့်ပွတ်သပ်၊ နှာခေါင်းတို့ဖြင့် နမ်းရှုပ်လျက် "အရှင်မြတ်ဘုရား၊ တပည့်တော်သည် မိဂါရပါ ဘုရား၊ တပည့်တော်သည် ရှေးယခင်က ရှေးကုသိုလ်ကံတို့၏ အကျိုးကို မသိခဲ့ရပါဘုရား၊ တပည့်တော်၏ အိမ်သို့ ချစ်သမီး ချွေးမဝိသာခါ ရောက်လာခါမှ ရှေးကုသိုလ်ကံကောင်းများကို သိရှိခွင့် ရရှိပါသည်ဘုရား။ ချွေးမ

ဝိသာခါ ရောက်ရှိလာခြင်းသည် တပည့်တော်၏ အကျိုးစီးပွား အတွက် ရောက်ရှိလာခြင်းပါဘုရား၊ မကောင်းလှသောရာ ဒုဂ္ဂတိ အပါယ်ရွာတို့မှ မုချကင်းလွတ်ရပါပြီ ဘုရား၊ ယနေ့မှစ၍ ရတနာ မြတ်သုံးပါးတို့ကို အမြဲမပြတ် ဆည်းကပ် ကိုးကွယ် သော ဥပါသကာ ဒကာရင်းအဖြစ် အသိအမှတ်ပြုတော်မူ ပါဘုရား" ဟု လျှောက်ထားပေ၏။

## သူဌေးကတော်ပါ တရားရရှာ

နောက်တစ်နေ့တွင်လည်း မြတ်စွာဘုရား အမှူးရှိသော တပည့်သား သံဃာတော်များကို အိမ်သို့ ပင့်ဖိတ်ပြီး ဆွမ်း လှူဒါန်းကြပြန်၏။

ထိုနေ့တွင် သူဌေးကတော်ကြီးပါ သောတာပန် တည်သွား ကာ အသက်ထက်ဆုံး ရတနာ မြတ်သုံးပါး ပုလဲကုံးတို့ကို ဆင်မြန်းကြတော့သည်။

မိဂါရသူဌေး၏အိမ်တွင် သာသနာ ရွှေဝါရောင် တို့လား တစ်နေ့တခြား ထွန်းပြောင်ခဲ့ရတော့၏။

## မိဂါရသူဌေး ဂုဏ်ပြုရပြီ

မိဂါရသူဌေးကြီးက "ငါ၏ချွေးမ ဝိသာခါသည် ငါ့အတွက် လွန်စွာကျေးဇူးများပေသည်၊ ချွေးမအပေါ် ကြည်ညို လေးစား အလေးထား ဂုဏ်ပြုသော အထိမ်း အမှတ် အဖြစ် ဂုဏ်ပြု ရပေမည်။

သူ့ဖခင် ဆင်မြန်းလိုက်သည့် မဟာလတာ တန်ဆာသည် လေးလံလွန်းသည်၊ နေ့ရာတိုင်း ဝတ်ဆင်ရန်မလွယ်၊ အမြဲမပြတ် ဝတ်ဆင်နိုင်ရန်အတွက် 'ဃနမဋ္ဌက" အမည်ရှိသော အဖိုး တစ်သိန်းထိုက်သည့် ရတနာများဖြင့် ပြုလုပ်သည့် တန်ဆာ တစ်ခုကို ပြုလုပ်စေ၏။

ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်၍ ဆွမ်းကပ် လှူပွဲတွင် ဝိသာခါအား ဃနမဋ္ဌက တန်ဆာကို ဝတ်ဆင်စေပြီး ဘုရားရှင်၏ရှေ့တော်၌ ထိုင်စေပြီး ဃနမဋ္ဌက တန်ဆာကို ဝတ်ဆင်စေပြီး ရှိခိုးစေ၏။

ဘုရားရှင်လည်း သာဓုခေါ်ပြီး ကျောင်းတော်သို့ပြန်လည် ကြွသွားကြ၏။

## ဝိသာခါ သာသနာပြုပြီ ၊

ဝိသာခါသည် ထိုအချိန်မှ စ၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို အမြဲမပြတ် ပြုလုပ်၏။

သာသနာတော်တွင် ထင်ရှားသော ဥပါသိကာမ တစ်ဦးအဖြစ် ထင်ရှားကျော်ကြားလာ၏။

ဝိသာခါတွင် သားတစ်ကျိပ်၊ သမီးတစ်ကျိပ် ထွန်းကား၏။

သားတစ်ကျိပ်မှ သားတစ်ကျိပ်၊ သမီးတစ်ကျိပ်စီ ထွန်းကား ပြန်၏။

သမီးတစ်ကျိပ်မှ သားတစ်ကျိပ်၊ သမီးတစ်ကျိပ်စီ ထွန်းကား ပြန်၏။

မြေးအသီးသီးတို့မှာလည်း သားနှင့်သမီး တစ်ကျိပ်စီ၂ဝ ထွန်းကား ပြန်၏။

ဤသို့ဖြင့် ဝိသာခါသည်—

| | |
|---|---|
| သားနှင့်သမီး | နှစ်ကျိပ်မိခင် |
| မြေးပေါင်း | လေးရာ |
| မြစ် | ရှစ်ထောင် |

စုစုပေါင်း ရှစ်ထောင်လေးရာနှစ်ဆယ် ထွန်းကားကုန်၏။ ဆံဘစ်ပင်မျှ မဖြူဘဲ (၁၆)နှစ်အရွယ်ကဲ့သို့ အမြဲ လုပ နုနယ်၏။

သားသမီး မြေးမြစ်တို့ခြံရံလျက် ကျောင်းတော်သို့ သွားကြရာဝယ် မြေးမြစ်တို့နှင့် ခွဲခြားမရ၊ အမြဲ လှပ နုပျိုနေ၍ အဘယ်သူသည် ဝိသာခါ အစစ်ပါနည်းဟု မေးရလောက်အောင် ဖြစ်နေ၏။

ဝိသာခါ၏ အိပ်နေ၊ ထိုင်နေ၊ ရပ်နေ၊ သွားနေပုံတို့ကို ရှုမြင်ရသူတိုင်း ချီးကျူးရ၏။

## ဆင်ပြောင် ငါးစီး အားမာန်ကြီး

ဝိသာခါသည် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သည်ဟု ကျော်ကြား၍ ပသေနဒီကောသလမင်းကြီးက ဆင်လွှတ်၍ လက်တွေ့စမ်းသပ်ကြည့်ရာ အဟုတ်အမှန် ဆောင်နိုင်သည်ကို တွေ့ရ၍ မင်းကြီး၏ အံ့ဩချီးကျူးခြင်းကို ခံရ၏၊

ဝိသာခါသည် သားသမီးမြေးမြစ်တို့နှင့် အလွန်စည်ကားပြီး ကျော်ကြားနေသည်။ တစ်ဦးတစ်ယောက်မျှ သေဖူးသည် မရှိ၍လည်း လွန်စွာ မင်္ဂလာရှိသည်ဟု မြို့သူမြို့သား အပေါင်းတို့က အသိအမှတ်ပြုကြ၏။

အလှူရှင်အပေါင်းတို့က ဝိသာခါကို ဦးစွာ ဖိတ်ကြား၍ ကျွေးမွေးလေ့ရှိ၏။

တစ်နေ့တွင် အလှူတစ်ခုမှအပြန် ကျောင်းတော်သို့ ဝင်ရာ မဟာလတာတန်ဆာကို လဲလှယ်၍ ဃနမဋ္ဌကတန်ဆာကို ဝတ်ဆင်၏။ မဟာလတာ တန်ဆာကို ကျွန်မတစ်ဦးအား ပေးထား၏။ ထိုကျွန်မသည် မဟာလတာတန်ဆာကို ယူဆောင်ဖိ နိုင်၏။

ဘုရားရှင်နှင့် သံဃာတော်များကို ဖူးမြော်ပြီး နာပကျန်း ဖြစ်သည့် ရဟန်းတော်၊ သံဃာတော်များ တွေ့ရှိက ကိုယ်တိုင် ပြုစုပေး၏။ ရဟန်းငယ် သာမဏေငယ်များကို လှူဒါန်း ပေးကမ်း၏။

## မဟာလတာတန်ဆာနှင့် ရှင်အာနန္ဒာ

ဝိသာခါသည် ကျောင်းတော်မှ အပြန် အိမ်တော်သို့ ရောက်ကြရာ ကျွန်မက မဟာလတာတန်ဆာ မေ့ကျန်ခဲ့ကြောင်း ပြော၏။ ဝိသာခါက ဒါယကာ ဒါယိကာမတို့၏ ပစ္စည်းများ ကျောင်းမှာကျန်ခဲ့လျှင် ညီတော်အာနန္ဒာ သိမ်းဆည်းနေကျ ဖြစ်သည်။

ညီတော်အာနန္ဒာကလည်း မေ့ကျန်ခဲ့သော မဟာလတာ တန်ဆာကို သိမ်းဆည်း၍ ဇရပ်တစ်ခုတွင် ချိတ်ဆွဲထား၏။

ဝိသာခါက ကျွန်မကို ကျောင်းသို့ စေလွှတ်၏။ အထယ်၍ ညီတော်အာနန္ဒာ သိမ်းဆည်းထားပါက ထိုအဝတ်တန်ဆာကို ညီတော်အာနန္ဒာကိုပင် လှူဒါန်းခဲ့ရန် မှာကြားလိုက်၏။

ကျွန်မလည်း ဝိသာခါ မှာကြားသည့်အတိုင်း ရှင်အာနန္ဒာ အား လှူဒါန်းခဲ့ပြီး ပြန်ခဲ့၏။

## ဝိသာခါ ကျောင်းဆောက်လှူပြီ

ဝိသာခါသည် နောက်တစ်နေ့တွင် ကျောင်းတော်သို့ သွား၍ ဘုရားသခင်အား "အရှင်မြတ်ဘုရား၊ ယမန်နေ့က တပည့်တော်မ၏ မဟာလတာ တန်ဆာ မေ့ကျန်ခဲ့ရာမှ ညီတော်အာနန္ဒာကို လှူထားပါသည်ဘုရား၊ အရှင်မြတ်တို့၏ လက်ဖြင့် ထိပြီးသောအဝတ်ကို တပည့်တော်မ မဝတ်ဆင်လိုတော့ပါ၊ အရှင်မြတ်တို့အတွက် အကျိုးရှိရာ လှူဒါန်းလိုပါသည်။ အဘယ်အရာကို လှူဒါန်းရန် သင့်မြတ်ပါသနည်း ဘုရား" ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က "မြို့၏အရှေ့ဘက် မြို့တံခါးအနီးမှာ ကျောင်းဆောက်လှူရန် သင့်မြတ်၏" ဟု မိန့်ကြား၏။

ဝိသာခါသည် အဝတ်တန်ဆာကို ပြန်လည်ယူလာပြီး ပန်းထိမ်သည်တို့အား အဖိုးဖြတ်စေ၏။ တန်ဖိုး ကိုးကုဋေ လက်ခ တစ်သိန်းဖြစ်ကြောင်း တန်ဖိုးဖြတ်ကြ၏။

ရထားနှင့်တင်လျက် မြို့ကို လှည့်ရှဲရောင်းစေ၏၊ မည်သူ တစ်ဦးတစ်ယောက်မျှ ဝယ်ယူနိုင်သူမရှိ ဖြစ်နေ၏။ ဝိသာခါ အမျိုးသမီးသည် ကိုယ်တိုင်ပင် တန်ဖိုးပေး၍ ဝယ်ယူကာ ကျောင်းဆောက်ရန် စီစဉ်၏။

မြတ်စွာဘုရားရှင်သည် အနာထပိဏ်သူဌေးထံ၌ ဆွမ်းစားပြီး ဘဒ္ဒိယမြို့မှ ဘဒ္ဒိယသူဌေးသားတစ်ဦးကို ကယ်ချွတ်ရန် အတွက် မြောက်မျက်နှာ တံခါးသို့ ရှေးရှုကြွသွားနေ၏။

ထိုသို့ ကြွသွားသည်ကို ဝိသာခါ ဒါယိကာမကြီး ဖူးတွေ့ လိုက်ရာ အမြန် သွားရောက်ပြီး "အရှင်မြတ်ဘုရား၊ တပည့် တော်မ ကျောင်းဆောက်သည့်အခါ တော်၏၊ မတော်၏၊ ကျောင်းကောင်း၏၊ မကောင်း၏ ဟု ညွှန်ကြားနိုင်သည့် ရဟန်း တော် တစ်ပါး သွနား ကယ်မတော်မူပါဘုရား" ဟု လျှောက် ထား၏။

ဘုရားရှင်က "သင် ဒါယိကာမကြီး နှစ်သက်ရာ ရဟန်းတစ်ပါး၏ သပိတ်ကို ယူလော့" ဟု ညွှန်ကြား၏။

ထိုအခါ ဝိသာခါက အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီး၏ သပိတ်ကို ယူ၏။

အရှင်မောဂ္ဂလာန်က ဘုရားရှင်ကို မော်ဖူးလိုက်၏။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရှင်မောဂ္ဂလာန် အား "မောဂ္ဂလာန်၊ သင်၏ အခြံအရံ ရဟန်းငါးရာတို့နှင့် အတူ ကျောင်းသို့ ပြန်၍ ဝိသာခါ ဒါယိကာမကြီးအား ကူညီဆောင်ရွက်ပေးလော့" ဟု မိန့်တော်မူ၏။

တန်ခိုးအာနုဘော် ကြီးမြတ်လှသည့် ရှင်မောဂ္ဂလာန်၏ စီစဉ်မှုကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်၍ အထက်ဘုံဆင့်၌ တိုက်ခန်း-၅၀၀၊ အောက်ဘုံဆင့်၌ တိုက်ခန်း-၅၀၀ အားဖြင့် အခန်းပေါင်း(၁၀၀၀) မျှ ရှိ၏။

ပြာသာဒ်ကျောင်းကြီး တစ်ဆောင်တည်းဖြင့် ထီးထီးကြီးဖြစ်နေ၍ ထိုကျောင်းကြီးကို ဝန်းရံ၍ ပြာသာဒ်ငယ်ငါးရာတို့ကို လည်းကောင်း၊ ကျောင်းငါးရာတို့ကို လည်းကောင်း၊ ဥပုသ်ဇရပ် ငါးရာတို့ကို လည်းကောင်း၊ ဆောက်လုပ်စေကုန်၏။

ပန်းဥယျာဉ် အရိပ်အာဝါသအတွက် သစ်ပင်တို့ကို စိုက်စေ၏။

## ပုဗ္ဗာရုံကျောင်း တွင်ပုံ

မြို့၏ အရှေ့မျက်နှာစာမှာ ဆောက်လုပ် လှူဒါန်းခြင်း ကြောင့် (ပုဗ္ဗာ ရမ္မဏ)၊(ပုဗ္ဗာရမ္မဏဝိဟာရ) ပုဗ္ဗာရုံကျောင်း တော်ကြီး ဟု အမည်တွင်သည်။

ထိုကျောင်းတော်ကြီးကို ကိုးလနှင့်အပြီး ဆောက်စေ၏။

မြတ်စွာဘုရားရှင်သည် ဒေသစာရီ ကြွချီရာ (၉) လမျှ ကြာခဲ့ပြီး ၊ ကျောင်းတော်သို့ ပြန် လည် ရောက်ရှိ ကြောင်း ဝိသာခါသည် သတင်းကြား၏။

ထိုအခါ ဝိသာခါသည် အလျင်စလိုပင် ကျောင်း တော်သို့ သွား ကာ မြတ် စွာ ဘု ရား ရှင် ကို လျှောက် ထား၏။

"အရှင်မြတ်ဘုရား၊ ယခုနှစ် ဝါတွင်း လေးလ စတ်လုံး တပည့်တော်မ၏ ကျောင်းမှာပင် သီတင်းသုံး တော်မူပါဘုရား။

"ကျောင်းလှူပွဲကြီးနှင့် အခြား ပူဇော်ပွဲများကိုပါ လှူဒါန်းလိုပါသည်ဘုရား" ဟု လျှောက်ထား၏။

ဘုရားရှင်ကလည်း ခွင့်ပြုတော်မူ၏။

ဝိသာခါ ကျောင်းအမကြီးသည် ဝါတွင်းလေးလပတ်လုံး ဝါကပ်တော်မူကြသည့် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေးလှူ၏။ အလှူပွဲနောက်ဆုံးတွင် သင်္ကန်းလျာပုဆိုးများကိုပါ ပေးလှူ၏။ ဝါအငယ်ဆုံးရဟန်းသည်ပင် အဖိုးတစ်သိန်းထိုက်သော သင်္ကန်းလျာကို ရ၏။ ရဟန်းတော်တို့၏ သပိတ်များ၌ ဆွမ်းဘောဇဉ်တို့သာမက ဆေးများကိုပါ ပေးလှူ၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို လိုလေသေးမရှိအောင် ပေးလှူလေ၏။

## သင်္ကန်းလှူရသော အကျိုး

သက္ကျပုတ္တာ၊ သမဏာဟု၊ သာကီယဇာတ်၊ ရဟန်း
မြတ်အား၊ လျှောက်ပတ်တင့်ဆန်း၊ ဖန်သင်္ကန်းကို၊
လှူဒါန်းသည့်သူ၊ ယောကျ်ားမူကား၊ ဘုန်းလူဇာနှော်၊
ဧဟိခေါ်၍၊ ဝါ့တော်သဒ္ဒိ၊ ခြောက်ဆယ်ရှိသား သေရို
ကြီးအလား၊ လွန်တည်ငြားလျက်၊ ရှစ်ပါးပရိက္ခရာ၊
လွယ်ပြီးကာလျှင်၊ မြတ်စွာရှေ့မှောက်။ ရဟန်းမြောက်
၍၊ ခန်းခြောက်အာသဝေါ၊ စဖိသန့်ကြော၏။

သဘောမှတ်ယူ၊ မိန်းမမူကား၊ ရွှေဇမ္ဗူရစ်၊ ဦးသစ်
သစ်၏၊ ချွန်လစ်တစ်ထောင်၊ နိက္ခဆောင်၍၊ ထိန်ဓဝ

စိန်သား၊ လေးကွမ်းစေ့တည့်၊ မြကားတေတ္တိ၊ ရဲထိန်သန္တာ၊ ဗာဝိသာနှင့်၊ မုတ္တာဆယ့်တစ်၊ ရေတွက်စစ်လော့၊ ကြွင်းလစ်ရတနာ၊ သင့်ရာရာဝယ်၊ ကောင်းစွာငွေကြိုး၊ ချုပ်သီထိုးလျက်၊ ဖိုးကိုးကုဋေ၊ ထိုက်တန်ပေသည်၊ ရွှေပန်းထိမ်ငါးရာ၊ ရက်ကြာလေးလ၊ လက်ခတစ်သိန်း၊ တွက်ကိန်းချုပ်ပြီး၊ တန်ဆာကြီးကို ငါးစီးဆင်ပြောင်၊ အားကိုဆောင်သည်၊ အခေါင်းတုလွတ်၊ မိန်းမမြတ်တို့၊ ဆင်ဝတ်အင်္ဂါ၊ မဟာလတာ၊ ပသာဒန်၊ နာမခင်နိပ်၊ အောင်ဘိသိက်ဖြင့်၊ အောင်နိဗ္ဗာန်နှန်း၊ ဆောင်တက်မြန်းသည်၊ သက်နှင်းဒါနအကျိုးတည်း။

(သာသန မလ ဝိသောခနိကျမ်းမှ)

ဝိသာခါ ကျောင်းအမကြီးသည် ဝါတွင်း၌လေးလပတ်လုံး ဝါကပ်တော်မူကြသည့် ဘုရားအမှူးရှိသော သံဃာတော်တို့အား-

ဝိသာခါကျောင်းအမကြီး ပေးလှူရာတွင်-

| | |
|---|---|
| မြေနေရာအတွက် | ၉-ကုဋေ |
| ကျောင်းကြီးဆောက်လုပ်ရာ၌ | ၉-ကုဋေ |
| ကျောင်းရေစက်ချ ပူဇော်ပွဲပြုလုပ်ရာ၌ | ၉-ကုဋေ |

စုစုပေါင်း ၂၇-ကုဋေရှိသော အသပြာတို့ကို အကုန်အကျ ခံ၍ လှူဒါန်းပူဇော်ခဲ့လေသည်။

မိန်းမသားဘဝ မိဿာဒိဋ္ဌိတို့၏ချွေးမအဖြစ် နေရပြီး ဤမျှ များပြားစွာ လှူဒါန်းခြင်းသည် ဝိသာခါ ကျောင်းအမကြီးမှ တစ်ပါး အခြားအမျိုးသမီး တစ်စုံတစ်ဦးမျှ မရှိခဲ့ပေ။

ဝိသာခါ ကျောင်းအမကြီးသည် ပူဇော်ပွဲကြီး၏ နောက်ဆုံးညတွင် ဝမ်းမြောက်ကြည်နူးလှသဖြင့် သားသမီး၊ မြေး အပေါင်းခြံရံလျက် ကျောင်းများသို့ လှည့်လည်ကာ ရင်ကို လက်များဖြင့် တီးခတ်လျက် သီချင်းများကို ဝမ်းသာအားရ သီဆိုကျူးရင့်နေ၏။

ဘယ်ချိန်ကာလ၊ ဘယ်သမယမှာ....

ဘုရားမြတ်စွာ၊ စံနေ့ယှဉ်ကို၊သက်နီးလျာပုဆိုး၊ အမျိုးမျိုးနှင့်၊ကိန်းအောင်းမွေ့လျော်၊ကျောင်းတော်သာနှင့် စိတ်မှ ကြည်နူး၊ကြုံဆဖူးသည်၊ ယခုမှပင်၊ လိုအင်ဆန္ဒ၊ လှန်ပြည့်ဝသည်၊ ဝမ်းမြောက်ခြင်းမှာ ဝမ်းမြောက်စွာ ဟကား....

ဘယ်အချိန်ကာလ၊ ဘယ်သမယမှာ....

ကျောင်းတော်သာနှင့်၊ အခင်းစုံလင်၊ ခုတင်ခေါင်းအုံး၊ ကျောင်းသုံးပစ္စည်း၊ အနည်းနည်းကို၊ လှူဒါန်းရမည်၊

စိတ်ကရည်ခဲ့၊ ယခုမှ မူ၊ ကြည်ဖြူဝမ်းမြောက်၊ အလှူရောက်သည်၊ ဝမ်းမြောက်ခြင်းမှာ၊ ဝမ်းမြောက်စွာတကား....

ဘယ်ချိန်ကာလ၊ ဘယ်သမယမှာ....

အသားရေပြွမ်း၊ သလေးဆွမ်းနှင့်၊ ရသာကုံမွမ်း၊ ဘောဇဉ်ပန်းနှင့်၊ လှူဒါန်းရမည်၊ စိတ်ကရည်ခဲ့၊ ယခုမှပင်၊ စုံပြည့်လင်သည်၊ ဝမ်းမြောက်ခြင်းမှာ၊ ဝမ်းမြောက်စွာတကား....

ဘယ်အချိန်ကာလ၊ ဘယ်သမယမှာ....

သင်္ကန်းလျာဟုဆိုး၊ အမျိုးမျိုးနှင့်၊ အဖိုးထိုက်တန်၊ သင်္ကန်းလျာနှင့်၊ လှူဒါန်းနိုင်ရန်၊ စိတ်ကရည်ခဲ့၊ ယခုမှပင်၊ စုံပြည့်လင်သည်၊ ဝမ်းမြောက်ခြင်းမှာ၊ ဝမ်းမြောက်စွာတကား....

ဘယ်အချိန်ကာလ၊ ဘယ်သမယမှာ....

ဘုရားမြတ်စွာ၊ စိန္တေယျာနှင့်၊ သာဝကအပေါင်း၊ခြံရံကောင်းနှင့်၊ စုပေါင်းသံဃာ၊ အဖြာဖြာကို၊ ဆီဦးထောပတ်၊ ဆေးအမြတ်ကို၊ လှူဒါန်းရမည်၊ စိတ်ကရည်ခဲ့၊ ယခုမှပင်၊ စုံပြည့်လင်သည်၊ ဝမ်းမြောက်ခြင်းမှာ၊ ဝမ်းမြောက်စွာတကား။ ။

အဆိုတော် တဒီတင်မြကလည်း....

"ဝိသာခါကျောင်းအမ၊ ဂီတဒါန သာဓကအရာ မှာ တံခွန်၊ ပိုက်ကိုပင် မျောအမှတ် အဘောဓမယတိ စေတနာလွန်၊ စောမူနိဘဂဝါဘုရားတော်၊ ရွှင်သနား ခဲ့ အဆုံးစွန်" ဟု ကျောင်းအမကြီး ဝိသာခါကို ကြည်ညိုကာ သီဆိုခဲ့သည်။

## ဝိသာခါ၏ ရင့်ကျူးသံ

ရဟန်း အပေါင်းတို့သည် ဝိသာခါ၏ ထူးခြားလှသည့် သီချင်းသံများကို ကြား၍ မြတ်စွာဘုရားထံ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ရ၍ တအံ့တသြ လျှောက်ကြသည်။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ၏သမီးတော် ဝိသာခါသည် သီချင်းဆိုခြင်းမဟုတ်၊ ဘဝပေါင်းများစွာက ဘောဓိ(?)ခဲ့သည့် ဆန္ဒ၊ ဆု ပြည့်ဝခြင်း၊ ဆန္ဒ ပြီးဆုံးခြင်း အတွက် ဥဒါန်းကျူးရင့်ခြင်းသာ ဖြစ်သည်" ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းအပေါင်းသာ "ရှေးဆုတောင်း ဘယ်ကဲ့သို့ တောင်းခဲ့ပါသနည်း" ဟု လျှောက်ကြပြန်၏။

ဘုရားရှင်က ဝိသာခါကျောင်းအမ၏ အတိတ်ဆုတောင်း များကို အတိတ်ဆောင်၍ ဟောတော်မူ၏။

## ရှေးဆုံးတောင်း ဟောကြားပုံ

မြတ်ဘုရားက ဝိသာခါသည် ပဒုမုတ္တရဘုရားလက်ထက်က အမျိုးသမီးတစ်ဦး၊ ဘုရားရှင်နှင့် ရင်းရင်းနှီးနှီး လုပ်ကျွေးပြုစု နေသည်ကို မြင်၍ လျှောက်ထားရာ ထိုသူငယ်မက ရှေး ဆုတောင်းအရ ပြည့်ဝခဲ့ပုံကို မိန့်ကြား၏။

"ပဒုမုတ္တရဘုရားလက်ထက် ဘုရားရှင်နှင့်တကွ သံဃာတစ် သိန်းတို့အား (၇)ရက်တိုင် ဆွမ်းဖြင့် လုပ်ကျွေး၍ ဆုတောင်း ခဲ့၏။

"ပဒုမုတ္တရဘုရားရှင်က ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းပွင့်မည့် ငါဘုရားညီတော် ဂေါတမဘုရားလက်ထက်တွင် သင် ဆု တောင်းပြည့်ဝလိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့၏။

"ထိုဗျာဒိတ်စကားများကို နက်ဖြန် ရတော့မည့်အလား စိတ်ဝယ် မှတ်သားထင်မြင်နေခဲ့၏။

"ကဿပဘုရားလက်ထက်ကလည်း ကိကီမင်းကြီးက သမီး အငယ်ဆုံး သံဃဒါသီ အမည်ရပြီး ဆုတောင်းဆုယူ ပြုခဲ့၏

"ယခုဘဝ ဤခန္ဓာကိုယ်အတ္တဘော၏ အဖြစ်၌ မေဏ္ဍက သူဌေး၏မြေး ဓနဉ္စယသူဌေး၏ သမီးအဖြစ်ဖြင့် ငါဘုရား၏ သာသနာတော်၌ များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်၏။

"ချစ်သား ရဟန်းတို့၊ ငါ၏သမီးတော် ဝိသာခါသည် သီချင်း သီဆိုသည်မဟုတ်၊ ဝမ်းမြောက် ရွှင်လန်း လှသဖြင့် ဥဒါန်းကို ကျူးရင့်ခြင်းသာ ဖြစ်ပေသည်။

"ချစ်သားရဟန်းတို့၊ လိမ္မာလှစွာသော ပန်းသည်သည် များစွာသော ပန်းတို့ကို စုပုံ၍ ဆန်းကျယ်စွာသော ပန်းကုံးတို့ကို ပြုသကဲ့သို့ ဝိသာခါသည်လည်း အကူးထူးအပြားပြား များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုခြင်းငှာ စိတ်ညွတ်ခြင်းသာ ဖြစ်လေ၏"ဟု ဟောတော်မူ၏။

ယထာ ပိ ပုပ္ဖရာသိမှာ
ကယိရာ မာလာ ဂုဏေ ဗဟူ။
ဧဝံ ဇာတေန၊ မစ္စေန
ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

## ဂါထာ မြန်မာပြန်

"အပွင့်အငုံ ပန်းမျိုးစုံတို့ကို ငေးမောကြည့်ရှုနေလောက်အောင် သီကုံးနိုင်သည့် ပန်းကုံးသမားသည် ပန်းကုံးပေါင်းများစွာ သီကုံးနိုင်ဘိသကဲ့သို့ မိခင်ဝမ်း၌ စွဲလမ်းသန္ဓေတည်နေကြရပြီး တွေဝေမိန်းမောကာ သေကြေဆုံးပါးကြရ

သည့် သတ္တဝါတို့သည် ပစ္စည်းဥစ္စာတည်းဟူသော မှန်းအစုံမှ ကုသိုလ်ထုပ်တည်းဟူသော အလှုပန်းကုံးတို့ကို သီကုံးကြရာ သတည်း။"

ဗုဒ္ဓ၏ တရားအဆုံး၌ များစွာကုန်သောသူတို့သည် သောတာပန် စသည် တည်ကြကုန်၏။

နှလုံးပျော့ပျောင်း သူတော်ကောင်း ဓမ္မမိတ်ဆွေအပေါင်းတို့ ကျောင်းအမကြီးဝိသာခါထံုး နှလုံးမူနိုင်ကြပါစေ။

မြေလတ်-သိန်းလွင်

(ဦးသိန်းလွင်-ဓမ္မာစရိယ)

၁၃၅၁-ခု၊ တန်ခူးလဆန်း ၁-ရက်။

၂၆-၃-၉၀။

## "စာရေးသူ၏ ဘဝနှင့် စာပေ"

စာရေးသူသည် ၁၂၉၃-ခု၊ တပို့တွဲလဆုတ် (၁၁ရက်)၊ သောကြာနေ့တွင် မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ သီးပင်အုပ်စု၊ တဲကြီးကုန်းကျေးရွာ၊ အဖ ဦးမြခင်း အမိဒေါ်စောကြိုင်တို့မှ ဖွားမြင်ခဲ့သည်။

အစ်မ တစ်ယောက်နှင့် ညီမနှစ်ယောက်တို့မှာ ငယ်ငယ်ရွယ်ရွယ်ကပင် ဆုံးခဲ့ကြသည်။ ညီအရင်း မောင်အောင်သင်း၊ ကိုယ်ပိုင်အမှတ် ၄၁၄၆၆ (ဆေးပင်စင်)ကား ရေနံချောင်းမြို့၊ မမ္မာရုံမြောက်လမ်း၊ အမှတ် (၂၇၃)တွင် နေထိုင်လျက်ရှိသည်။

မိမိ (၈)နှစ်သားတွင် မိခင် သေဆုံးသည်။ ဂျပန်ခေတ်တွင် တဲကြီးကုန်းရွာ ပိဋကတ်တိုက်ကျောင်း ဆရာတော်ကြီးဦး ဂန္ဓမခ နှင့် ဦးဝဏ္ဏိတ၊ ဦးတေဇနိယ၊ ဦးဝါသဝ၊ နိုင်ငံကျော် အရှင်အာဒိစ္စ၏ တပည့်ရင်း ဆရာတော် ဦးဘဒ္ဒိယတို့ ထံတော်တွင် စာပေများ သင်ကြားခဲ့ရသည်။

"သင့်ရာအပ်ဖို့ ဆရာတို့" ဟူသည်နှင့်အညီ ဆရာကောင်းများအား ရွာကျောင်းမှ တပ်ကုန်းမြို့အရှေ့ဖက် ရွာသစ်ရွာ၊ ရွာဦးကျောင်းဆရာတော် ဦးစန္ဒ (နန်းရင်းဝန်ဦးပု ကိုးကွယ်ခံရပြီး လက္ခဏာဒီပနီကျမ်းပြု ဆရာတော်) ထံသို့ ၁၃၀၉-ခု၊ နယုန်လတွင် လိုက်ပို့အပ်နှံ ရောက်ရှိခဲ့သည်။ ထိုခါ ဆရာတော် ဦးနာဂိန္ဒထံ ကစ္စည်းသဒ္ဒါကို ရူပသိဒ္ဓိ၊ နျာသ၊ နိဒ္ဒေသ အဖွင့်ကျမ်းများနှင့်အညီ သင်ယူခဲ့ရပြီး ဆရာတော်ဦးစန္ဒထံ ဗာလာဝတာရ သင်ယူရသည်။

ထို၍ ညောင်လွန်တောရ ဆရာတော် ကြွရောက်ခိုက် ဆရာတော် ဦးစန္ဒက "နာယကာ၊ မင်းရေးတဲ့ သဒ္ဒါ အဆင့်အတန်း စာအုပ် ဟောဒီ ကိုရင် သုမနကို စွန့်လိုက်ကွာ၊ ဒီကိုရင် စာသင်ရင် တတ်တယ်ကွ" ဟု မိန့်ကြားပြီး ချီးမြှောက်ခံခဲ့ရသည်။

ရွာသစ်ရွာကို ကွန်မြူနစ်ရွာ ဆိုပြီး မီးရှို့ခံရ၍ တောင်ခြေရှိ ရွှေကုန်းရွာကျောင်း (ဆရာတော်ဦးစန္ဒ၏ တပည့်) ဆရာတော်ထံ ဆရာတော်တို့နှင့်အတူ ပါခဲ့ရသည်။ ထိုကျောင်းတွင် ရွှေဟောင်းမဂ္ဂဇင်းတွေကို ဖတ်ရသည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည့် ၁၃၀၉-ခုနှစ်နှင့် ၁၀-ခုနှစ်များ၊ တပ်ကုန်းမြို့လယ်ကျောင်း ဆရာတော်ကြီး ဦးအာ-

ဒီစ္စ (၈၅)နှစ်ထံ ရောက်ရှိကြသည်။ ယခု မြို့ဦးကျောင်းတိုက်မှာ ဆရာတော်ဦးစန္ဒ တည်ထောင်ခဲ့သည့် ကျောင်းတိုက်ပင်ဖြစ်သည်။ ယခု စဉ်ဆက်သာသနာ ထိန်းသိမ်းစောင့်ရှောက်နေသည့် ဆရာတော်ဦးနာယကမှာလည်း သာသနာ့ပြုတစ်ပါးပင် ဖြစ်သည်။

မဟာသီဟနာဒ ဆရာတော် ဦးအာစိဏ္ဏ၊ တိုက်အုပ် ဆရာတော် ဦးအာရဒ္ဓဗုဒ္ဓိ၊ တရော်ပင် အင်းကျောင်း ဆရာတော် ဦးကုမာရ တို့မှာလည်း စာချရေးသူနှင့် ရင်းနှီးသည်။ တပ်ကုန်းမြို့နယ်၏ ကျော်သရေဆောင် သာသနာ့ပြုဆရာတော်များပင် ဖြစ်ကြသည်။ မိတ္ထီလာမြို့၊ သဒ္ဓမ္မဝံသာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ၁၃၁၁-ခု၊ ၁၂-ခု၊ ၁၃-ခု၊ သုံးနှစ်နေခဲ့ပါသည်။ ဆရာတော်ကြီး ဦးဥတ္တမ၏ နည်းနာနိဿယ ၁၀၀ ကို ဆည်းပူးသင်ယူခဲ့သည်။

စာချဘုန်းကြီးများ ဖြစ်ကြသည့် ကုက္ကိုင်း တောဇန္နာရာမကျောင်း ဆရာတော်ထံ ဠီကာကျော်၊ မန္တလေးတောင်ခြေ ပါဠိတက္ကသိုလ်ကျောင်းအုပ် ဆရာတော် ဦးတေဇနိယထံ ရူပသိဒ္ဓိ၊ မိတ္ထီလာမြို့ သာသနဝပုလ္လ ပါဠိတက္ကသိုလ် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဦးကေလာသထံ ကစ္စည်းအဋ္ဌကထာစာကျမ်းများကို သင်ယူခဲ့သည်။ ၁၃၁၂-ခု၊ ၁၃-ခုနှစ် တို့၌ အစိုးရ ပထမငယ်၊ ပထမလတ်

တန်းတို့ကို ရဟန်းမခံမီ ရှင်သာမဏေဘဝနှင့် အောင်မြင်ခဲ့သည်။ ၁၃၁၄–ခုနှစ်၊ ဖလံကျောင်းရွာမှ ဆရာတော် ဦးအဂ္ဂဝံသ ကျောင်းထိုင်စ လိုက်ပါ ဝါဆိုသည်။ ဝါကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို သုံးလနေရင်း ကျောင်းတွင်ကျောင်းသားထိန်း ဦးဇောတိက (ပျော်ဘွယ်မြို့၊ ပွဲစားကြီးဦးဟုတ်)ထံ အင်္ဂလိပ်စာ သင်ယူခဲ့သည်။ ဝမ်းအော၊ ဝမ်းဘီးဂလုပ်ပရိုင်မာ တို့ကို မီးနင်းများကိုပါ သဒ္ဒါ ကျက်သလို "ကြောင်ပုစ္ဆန်စား ကျွတ်ကျွတ်ဝါး" ကျက်ယူမှတ်သား သင်ယူခဲ့သည်။

၁၃၁၄-ခုနှစ်တွင် ငယ်ဆရာရင်းလည်းဖြစ်၊ ဦးရီးတော်လည်းဖြစ်သည့် (ယခု ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ဝင်းသီဂိကျောင်း ဆရာတော် ဦးခေမ္မိကမှ) ပထမကြီးတန်း အတွက်လိုအပ်သည့် စာအုပ်စာတမ်းများကို ကိုယ်တိုင် ရွေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းရှိ ဝံသာနုဦးပျိုင်းဆိုင်သို့ ဝတ္ထု ၁၅ဝဝိ(တစ်ထောင့်ငါးရာ)ဖိုးမျှ ဝယ်ယူပေးခဲ့သည်။

သဒ္ဒါကျမ်းကျေလှသည့် ရန်ကုန်မြို့၊ အသိတိကျောင်းတိုက်ဆရာတော် ဦးအာစိဏ္ဏ၏ စာချတုန်းကြီး ဆရာတော် ဦးနန္ဒိယာဘိဝံသ ထံသို့ ကိုယ်တိုင် အပ်နှံပေးသည်။ ကစ္စည်းသဒ္ဒါကြီးကို သဒ္ဒနီတိကျမ်းနှင့် တွဲဖက်၍ သင်ယူခဲ့ရသည်။

"ယခု ဦးမြင့်စိုး၊ စစ်မေးပွဲဌာန၊ ဘာသာရေးဦးစီး တို့နှင့် အတူ ဆရာတော် ဦးနန္ဒိယာဘိဝံသ (စေတီယင်္ဂဏခမ္မာစရိယ) ထံ သင်ယူခဲ့သည်။ အစိုးရပထမကြီးတန်းကို ဒေးဒရဲ သုံးဆယ် ကျောင်း၌ ၁၃၁၇–ခုနှစ်တွင်အောင်မြင်ခဲ့သည်။ ထိုဆရာတော် ဦးနန္ဒိယာမှ လက်ဆင့်ကမ်း ကိုယ်တိုင်လိုက်ပို့ပြီး ဒေဝသာဂရ သိမ်ကုန်း ဆရာတော် ဦးပဏ္ဍိစ္စထံသို့ အပ်နှံခဲ့သည်။

ဆရာတော် ဦးပဏ္ဍိစ္စထံတွင် ပါရာဇိကဏ် အဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာ ကျမ်းများကို သင်ယူ ခဲ့သည်။ ဆရာ တော် ဦးကုဏ္ဍလထံ သီလက္ခန် အဋ္ဌကထာကျမ်းကို သင်ယူခဲ့ ရသည်။ ထိုကျောင်းတိုက်ကြီးမှပင် ၁၃၁၈–ခုနှစ်၊ အစိုးရ ဓမ္မာစရိယ အောင်မြင်ခဲ့သည်။ ညောင်တုန်း သုဓမ္မာပရိယတ္တိ ပထမကြီးတန်း၊ ပဲခူးမြို့ ဝိနယာဓိက ပထမကြီးတန်း၊ မော် လမြိုင်မြို့၊ သုသာမဏစာရ ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။

ခရမ်းချောင်း၊ သပြေကန် အာဂုံဆောင်ပြန်ပွဲတွင် ကစ္စည်း သဒ္ဒါကြီး ရှစ်စောင်၊ သဂြိုဟ်ကိုးပိုင်း၊ ဒွေမာတိကာ၊ ဆန်း အဘိဓာန်လင်္ကာ၊ ပုဒ်စစ်၊ သဒ္ဒါငယ်၊ သံဝဏ္ဏနည်းနာ (၄၀)၊ ဓာတ္ထတ္ထသာရတို့ကို အာဂုံပြန် အောင်မြင်ခဲ့ပြီး ရန်ကုန်မြို့ အရှေ့ပိုင်း၊ ဘုရားဖြူ ဝိနယကောသလ္လဘွဲ့ကို ရရှိခဲ့သည်။

၁၃၂၀–ခုနှစ်တွင် လူဝတ် လဲခဲ့သည်။ ထိုနောက် ဆရာ တော် ဦးနန္ဒိယာဘိဝံသက သူ၏ ဒကာရင်း ဖြစ်သော (ဆန်း

ညွန့်ဦး) ဦးလှခင်ထံသို့ စာနှင့် အပ်နှံခဲ့သည်။ ထိုအချိန်မှ စ၍ စာရေးသူသည် စာပေစင်မြင့် စာပေလောကသို့ ပထမဦးဆုံး ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ဗိုလ်တထောင် သတင်းစာ စာပြင်အဖြစ် လည်းကောင်း၊ ဘွင်းဘွင်း သတင်းစာ၌ (ငြိမ်း ချမ်းသာယာ စည်ပင်ဝပြောသော သာလေးခု ညီညွတ်မှု) ဟူသော ဆောင်းပါးရှည်ကြီးကို ၄-ဆောင်လုံပြည့် ပရှိရာ အယ်ဒီတာထံ စာရေး၍ ဦးလှခင်က ပေးခိုင်းသည်။ ထိုစဉ်က ကလောင်၏ အမည်မှာ "ရမည်းသင်း အောင်ယဉ်" ဖြစ်သည်။

ထို့နောက်တွင်ဆရာဦးလှခင်(ဆန်းညွန့်ဦး)ထံတွင် ဗလုံက် ဗလုတ် ပေါက်ကျိုင်း၊ ချစ်ခြင်းမေတ္တာ ဇာတ်ကားတို့ကို ဇာတ်ညွှန်း ရေးပြီး ဒိုင်ရာလွှတ်စကားပြောခန်း၊ ဘက်ကရောင်း ယူဟန် စသည်တို့ကို အတွင်းကျကျ သိရှိခဲ့သည်။ ရွှေ မန်း ဦးတင်မောင်၏ ဖွားတော်မူခန်း၊ လေးတင်ခန်း၊ တောထွက်ခန်းတို့ကို ဆရာ ဦးလှခင်(ဆန်းညွန့်ဦး)နှင့်အတူ ပထမဦးဆုံး သရုပ်ဖော်ပုံတို့ကို သိရှိခဲ့ရသည်။ ထို့ကြောင့် စာရေးသူသည် စာပေရေးရာ၊ ရုပ်ရှင်ရေးရာ၊ လူမှုဆက်ဆံရေးရာတို့ကို ဆရာ ဦးလှခင်ထံမှ ရရှိခဲ့သည်။ ရုပ်ရှင်မင်းသား စိန်မြင့်၊ ရုပ်ရှင်မင်းသား အောင်သူ (ယခု ပုသိမ်မြို့ အဒလေ့ကာ ကျောင်းဒကာ ကိုစိုးချစ်)တို့နှင့်အတူ ဆရာဦးလှခင်ထံ စာအုပ်တိုက်နှင့် ပတ်သက်သည့် လုပ်ငန်း အဝဝတို့ကို လုပ်ကိုင်ခဲ့သည်။ ထိုစဉ်က ညွန့်ဝင်းဓာတ်ပုံပါ ပြက္ခဒိန်တို့မှာ ဈေးမလောက်အောင် တွင်ကျယ်ခဲ့သည်။

ဆရာ ဦးလှခင်(ဆန်းညွန့်ဦး)ထံတွင် စာအုပ မျိုးပေါင်းစုံ တို့ကို ပြင်ဆင်ခဲ့ရသည်။ ပြုစုရာတွင်လည်း ကူညီခဲ့ရသည်။ ၁၉၇၀-ခုနှစ်တွင် ရုပ်ရှင်ဒေါင်လံ မဂ္ဂဇင်း၌ တွဲဖက်အယ်ဒီတာ၊ ပင်တိုင် ဆောင်းပါးရှင်၊ ကလောင်အမည် 'စိန်ပလိန်တိန်ဂွမ်း' ကလောင်အမည် ရရှိခဲ့သည်။ ထိုကလောင်မှာ ဆရာ ကိုယ်တိုင်ရေးမည်ဟု ဆုံးဖြတ်ထားရာမှ စာရေးသူကို ပေး၍ ပြောင်းလိုက်ခြင်းပင် ဖြစ်သည်။ ဆရာတော် ဦးနန္ဒိယနှင့် ဆရာ ဦးလှခင်(ဆန်းညွန့်ဦး)ကိုယ်တိုင် စာရေးသူ၏ ဇာတိရွာသို့ လာရောက်ခေါ်ယူခြင်းကို ခံခဲ့ရသည်။ စာရေးသူတို့၏ ပိဋကတ် တိုက်ကျောင်းကြီးတွင် မင်းတုန်းမင်း လက်ထက် ဆင်ဖြူမရှင်မိဖုရား၏ ပစ္စယာနုဂ္ဂဟ ခံယူရရှိတော်မူသော ဆရာတော် ဦးပဒုမအား လှည်းကိုးစီးတိုက်ခန့်ရှိ ရေးခေတ်လက်ရာ ပန်းချီပန်းပုပေါင်း များစွာတို့ဖြင့် ခြယ်လှယ်မွမ်းမံထားပြီး ထည့်သွင်းထားသည့် ပေစာထုပ်ပေါင်းများစွာ ရှိသည်။ ထို ပေစာထုပ် များစွာကိုလည်း ဆရာတော်နှင့် ဆရာ ဦးလှခင်တို့ လေ့လာ ကြည့်ရှုကြသည်။

ထိုစဉ်က ကျောင်းထိုင်ဆရာတော်မှာ စာရေးသူ၏ ဆရာ တစ်ပါးဖြစ်သည့် ဆရာတော် ဦးတေဇနိယ ထိန်းသိမ်းလျက် ရှိသည်။ မှတ်သားဖွယ်၊ နည်းယူဖွယ် ကောင်းလှသော ပေစာ တစ်ထုပ်ကို ရန်ကုန်သို့ ယူခဲ့သည်။ ဆရာတော် ဦးနန္ဒိယပင် ရေးကူး၍ ဆရာ ဦးလှခင်ထံ အပ်နှံပြီးဖြစ်သည်။ ဆရာဦးလှခင်

မှာ ရိုက်ဖြစ်လိမ့်မည်ဟု စာရေးသူအား မိန့်ဟ ပြောကြားပါသည်။

၁၃၅၁-ခု၊ နှောင်းတန်ခူးလဆန်း(၃)ရက်နေ့က ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ဝင်းသိဂီကျေးရွာ ဆရာတော် ဦးဝမ္မိက စာရေးသူ၏ ဦးရီးတော်၊ ပေါ်ဆရာခွင်း၊ သက်တော် ၇၁၊ သိက္ခာတော် ၅၈-ဝါထံ စာရေးသူက လျှောက်ထားခဲ့သည်။ ဆရာတော်ကပင် ပေစာထုပ်တော့ အလကားဖြစ်မှာစိုးသည်ဟု မိန့်ကြားလိုက်သည်။ နိုင်ငံတော်မှာ အကျိုးရှိမည် ဖြစ်လျှင် နိုင်ငံတော်ကိုပင် လှူလိုက်ချင်သည်ဟုလည်း အမိန့်ရှိသည်။ တို့သေပြီးတဲ့နောက် နှောင်းကာလမှာ အကျိုးမပြီး အချည်းနှီးဖြစ်ကုန်မှာ စိုးရိမ်သည်ဟုလည်း မိန့်ကြားလိုက်သည်။

၁၉၇၈-ခုနှစ်တွင် စာပေလုပ်သားအဖွဲ့ဝင် ကဒ်အမှတ် (၂၉၉၂)ကို ရရှိခဲ့သည်။ အမှတ ဘုရားရှိခိုးများ စာအုပ်၊ စကားထောင်စား ပုံပြင်တို့ကို မြေလတ် သိန်းလွင် ကလောင်အမည်တို့ဖြင့် ရေးသားခွင့် ရရှိခဲ့သည်။ ထို့နောက် မိသားစုနှင့်အတူ ဇာတိရွာတွင် လယ်ယာ လုပ်ကိုင်စားသောက်ခဲ့သည်။ မိဘများပေးထားသည့် လယ်ယာမြေ အမွေအနှစ်တို့ကို လုပ်ကိုင် စားသောက်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ ရန်ကုန်ရောက် ခိုက် ဤမည်သော မြတ်ဗုဒ္ဓ နှင့် ကျောင်းအမကြီး

ဝိသာခါ ဝတ္ထုကို ရေးသားခဲ့ရခြင်း ဖြစ်သည်။ အိမ်ထောင်ရှင် သမီးတစ်ယောက်ဖြစ်သူ မသန်းဝေ အပါအဝင် သား၊ သမီး ရှစ်ယောက် ထွန်းကားခဲ့သည်၊ သားနှစ်ယောက်၊ သမီး ခြောက်ယောက်၊ မြေးနှစ်ယောက်ရှိသည်၊ ဤသည်ကား ကျွန်ုပ်၏ "ဘဝနှင့် စာပေ" ပင် ဖြစ်ပါသည်။

## နိဂုံးမချုပ်ချင်သေးသော နိဂုံး

လေးစားအပ်ပါသော ခမ္မမိတ်ဆွေ အပေါင်း သူတော်ကောင်းတို့ ခင်ဗျား—

ချစ်ကြည်ရင်းနှီးခွင့် ရရှိပါသော ညီငယ်၊ ညီမငယ် အပေါင်းတို့ ခင်ဗျား—

အမှန်ကို ဝန်ခံရပါလျှင် တိုတောင်းလှသည့် အချိန်အတွင်း စာအုပ်အဖြစ် ထွက်ပေါ်လာနိုင်လိမ့်မည်ဟု မထင်မိခဲ့ပါ။

အခုတော့-

၁။ ပိုင်းခြားသတ်မှတ် ဂဏန်းချ၍ မရနိုင်သည့် အနန္တငါးပါးတို့၏ ဂုဏ်ကျေးဇူး။

၂။ အမှာစာ ချီးမြှင့်ပေးကြသည့် ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူး၊ ဆရာ့ဆရာကြီးများ၏ ကျေးဇူး။

၃။ ကလျာဏမိတ္တ၊ မိတ်ကောင်းရခြင်း၏ ကျေးဇူး၊

၄။ စာသင်ဖက်များ၏ ကျေးဇူး။

၅။ စိတ်အေးချမ်းသာယာစွာ စာရေးခွင့် ပြုတော်မူသည့် မြောက်ဥက္ကလာပ၊ ဘ-က ဘုန်းတော်ကြီး ကျောင်း၊ ဓမ္မာဒယ ဆရာတော် ဦးကေသရနှင့် သိရိမင်္ဂလာပ်ဘိုက် နတ်မောက်ကျောင်း ဆရာတော် ဦးသီလာစာရတို့၏ ကျေးဇူးများကြောင့် စာဖတ်ပရိသတ်များ မျက်မှောက် သို့ အရောက် တင်ဆက်နိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

နိဂုံးမချုပ်ချင်သေးပါ။ ကျောင်းအမကြီးဝိသာခါအကြောင်း ကို ပို၍ ကောင်းအောင် အကြိမ်ကြိမ်အခါခါ ဖြည့်စွက် မွမ်းမံ ရေးချင်နေပါသေးသည်။

ဤမျှနှင့်ခွင့်လွှတ်သည်းခံကြပါရန်ပန်ကြားရပါတော့သည်။
တပေါင်းတန်ခူး မိုးသားတွေက ကျူးနေပြီ။
ထွန်ရေးငဲ့ရန် ပြင်ရပါဦးတော့မည်။

"သည်မြေ သည်လွှာ သည်အရာကား လူသားအတွက် ကျေးဇူးဆက်၏"။

လူသားတွေကို ကျေးဇူး အထူးပြုသော အကြောင်းအရာ ကား-

ဤမြေလွှာဘည်းဟူသော အရာပင် မဟုတ်ပါလော့၊

"ပထဝိ နိဿာယ ဝပ္ပတေ၊
ပထဝိံ ပတိဋ္ဌာယ ဝပ္ပတေ"ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖွင့်ဆိုထားရာ "မြေကို မှီ၍ စိုက်ပျိုးရာ၏၊ မြေ၌တည်၍စိုက်ပျိုး ရ၏။"

ထို့ကြောင့် အချိန်မီ ထွန်ရက်နိုင်ရန် ရှာပြန်ပါဦးဘော့မည်။ သံဝေဂလေးချိုးတွေ ရထားပေါ်မှာ ရွတ်ဆိုသွားရပါတော့မည်၊

နိုင်ငံကျော် ကျမ်းပြု အရှင်အာဒိစ္စဝံသ၊ စာဆိုတော်ကြီး ဦးအောင်မြတ်ထွဋ် ရေးသားခဲ့သည့် သံဝေဂလေးချိုး။

သံဝေဂယူကြဖို့ လူသိုထို၊အသိဉာဏ်မြော်မြင်ကင်း
ချေက သင်းခက်ဆုံးကို၊ မသိမှာမရှိတာ ပိုမိုခက်သည်
ဟု၊စဉ်အဆက်ရှေးဟောင်းဆို သူအိုတို့ မြွက်အကျူး။

လူတိုင်းလူ ကိုယ့်ဉာဏ် မှုမမှန်ကြလျှင်ဖြင့် သူများထံ
ဉာဏ်ခိုမှီးလို့အကူညီယူရန်သင့်တာကြောင့် အရေးအရာ
တင်၍ အချိန်အခါထောက်ချိန်သင့်ပါရဲ၊

စသော သံဝေဂလေးချိုးကဲ့သို့-

မိုးဦးကျ ချိန်နီးနေပြီမို့ အချိန်အခါထောက်ပြီး အညာရှ ဇာတိမြေသို့ တောင်ယာခွဲလုပ်ငန်းအဝဝ စီစဉ်ရန် ခဏ ပြန်ရပါမည်။

## ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ သံဝေဂလေးချိုး

တစဖက်ရန် ဝါဒ တစ်ပါးကိုလ အမျက်မှာနှိုး မစနှ မထားလေနဲ့(တစီတင်ရယ်)မှာသမျှ စကားကိုတဲ့ နှစ်းထောင်လေ....။

(ခြွာ်-) အနိစ္စရယ်လို့ စိတ်က ဆင်ခြင်ပါတော့ သင်္ခါရနယ်တစ်ရိုးတွင်မှ အရစီသေ နောက်သေမျိုးဟာ မို့ တင်တစီရယ် ငြိုးရန်တုံ့ဖြေ။ သံသရာ ဤဘဝတွင်ဝ် မှ နာမ်ခန္ဓာ မရှည်ကြအောင်ပ၊ သည်မျှနှင့်တုံးပါစေ မုန်းတာရှည်ပေက နယ်မဆုံး၊ ပြစ်ရိပ်ကယ်ခြွေ ချစ်မိတ်ဆွေ ကိုရင်တင်ရဲ့၊ ဟို အရဇ် ဒီဃာဝုကိုလ စံပြုကာ သည်တွင်စီ တိမ်းလို့ရယ် (အမယ်မစီး) ငြိမ်းကြစို့အိုး။

## လယ်တီဆရာတော်ဘုရားကြီး၏ သံဝေဂ တေးလပ်

ပစ္စည်းရှာအလုပ်နှင့် နေ့ပုပ်လို ရက်ကုန်၊
နှစ်ခမျှသို့ ဒုဿက်ကုန်ကယ်
တွက်ပုံဖြင့်မကောင်း၊
ခုလိုနှင့် သံသာဗွေမှာ
ခန္ဓာခတွမျှားလှုစတောင်း၊
သက်ခမ်းမှုခန်းပိုဒအာဂဏီ ဝမ်းကိုသာ နှင် ကျွေးဖြီး
လေးဆယ်ကျော် အရွယ်နှောင်းခါမှ
သူကြွယ်ခလောင်းလှုပ်ချင်
မိုးကုန်ပြီ ထွန်မချချင်နဲ့ ရှံစရာမှားမိဖြစ်အောင်၊
နွားဒိုကြီး အမေ့ဘင်သလို မခလျှော့ ဗျူဒ်
ဘဝဆုံးရှာလိမ့်၊
အစဦး နှင့်အဆင်း လှည့်ကိုသာပြဒ်
တရားသို့ မသက်ဝင်လျှင်
အခက်ကြီး နှင် တွေ့လိမ့်ခလေး။

နိဂုံးမချုပ်ချင်သေးဘဲနှင့် ချုပ်ခဲ့ရပါပြီ။ ဝိသာခါကျောင်းအမကြီးနှင့်ပတ်သက်၍ သာသနာတစ်ခေတ်လျှင် စံပြုနေရသည့် အမြဲဦးထိပ်ထားနေရသည့် ဆဋ္ဌသင်္ဂါယနာတင် ဝိသဇ္ဇနာအဖြေဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင်ကျမ်းစာတော်က ကြည့်ပြီးရင်း ကြည့်ချင်ရင်း ဖြစ်နေရပါ၏။ ကျောင်းအမကြီးဝိသာခါအကြောင်းတွေ ဖြည့်စွက်၍ နိဂုံးမချုပ်သေးဘဲနှင့် နိဂုံးချုပ်လိုက်ရပါတော့သည်။ ကျောင်းအမကြီးဝိသာခါ၏ ကျေးဇူးတို့ကား ကြီးမားလှ၏။

# ကျောင်းအမကြီး ဝိသာခါကို အထူးကျေးဇူးတင်နိုင်ပုံ

ဝိသာခါ ကျောင်းအမကြီးကို ယခုထေရဝါဒ သမုတိ ဆရာတော် သံဃာတော်များ အထူး ကျေးဇူးတင်ရမည့် အကြောင်း ရှိနေပါသည်။

ထိုအကြောင်းမှာ အခြားအကြောင်း မဟုတ်ပါ။ ကျောင်းအမကြီး ဝိသာခါ၏ ဆွမ်းကပ်ပွဲ တစ်ခုတွင် ကျောင်းအမကြီး၏ အိမ်သို့ ကြွရောက်လာချိန်တွင် မရောက်ရှိကြ၍ အခြံအရံ များကို ကျောင်းအမကြီးက ပင့်လွှတ်လိုက်သည်။

သံဃာတော်များမှာ မိုးရေ စိုစွတ်ထားသည့် သင်္ကန်းများကို မိုးများကင်နေ၍ အပင့်ရောက်သူက အဝတ်မစည်း အချည်းအနှီး နေလေ့ရှိသည့် တက္ကတွန်းတွေပဲဟု ထင်ကာ ပြန်လာပြီး ဝိသာခါကို အကြောင်းစုံ ပြန်ကြားပြောဆိုသည်။

ထိုအခါ ကျောင်းအမကြီးက- ဗုဒ္ဓဘုရားရှင်ကို သားတော် ထေရ်ငယ် ရဟန်းငယ်အပေါင်းတို့မှာ အပို မိုးရေခံ သင်္ကန်း (ဝါ) ဝါဆိုသင်္ကန်း လှူဒါန်းနိုင်ရန် လျှောက်ထားသည်။

ထိုအခါ ဗုဒ္ဓက ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ယခုထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားရာ သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို၊ ဤငါးနိုင်ငံ (သာသနာရေး ဦးစီးဌာန ညွှန်ချုပ် ဦးအုံးမောင်၏ ဗုဒ္ဓ သာသနာတော် ၂၅၀၀-ခရီး နှာ-၁၅၃-မှ) ရှိ ဆရာတော် သံဃာတော်များသည် ဝါဆိုသင်္ကန်း ကပ်လှူနိုင်ရန် ခွင့် ပန်ထျောက် ထား သည့် ကျောင်းအမကြီး ဝိသာခါကို ကျေးဇူး အထူး တင်ကြရမည်ဟု ဆိုရပေမည်။

ထိုသို့သော အကြောင်းများကြောင့် နိုင်ငံကျော် သပိတ်အိုင် ဆရာတော် အရှင် ဥာဏိဿရ ဟော ပြော ထား သည့်-

ဓာတု ဝိဘင်္ဂသုတ္တန်တွင်-

ယခုနေ့ မြန်မာပြည်မှာ အနှစ်ကိုးပါးရှိနေပုံကို အလုံးအလင် ဟောညွှန်းခဲ့သည်။

ရတနတ္တယဥ္စလက္ခဏံ၊ သိက္ခတ္တယဓာပိ ထာပနံ

တိတိဂုဏာ ဣမေခမ္မာ-သာရာဟိ ပိဋကတ္တကဋ္ဋဓေယ၊

(၁) ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊

(၂) အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး၊

(၃) သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး၊

ဤကိုးပါးတို့သည် ပိဋကတ်သုံးပုံလုံး၏ အနှစ်ချုပ်ဖြစ်ပုံကို ဆရာတော်က သေသေချာချာ ဟောပြထားခဲ့သည်။

ယခု ကုန္နိုင်တို့ မြန်မာပြည်ဗုဒ္ဓနွယ်ဝင် သူတော်စင် မေမွေ့ မိတ်ဆွေများ၊ ညီငယ်၊ ညီမငယ်များသည် ကျောင်းအမကြီး ဝိသာခါတို့၊ နှလုံးမူကြကာ ဆွမ်း သင်္ကန်း ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းများကို လိုလေသေးမရှိရအောင်ဝိ လှူဒါန်းကြရန် စာရေးသူ အပါအဝင် အားသစ်လောင်းကြပါစို့။

ဤတွင်ဓိ မြတ်ဗုဒ္ဓနှင့် ကျောင်းအမကြီး ဝိသာခါ ဝတ္ထုကို နိဂုံး ချုပ်သေးချင်သေးလည်း နိဂုံးချုပ်လိုက်ပါပြီ။

မြေလတ်-သိန်းလွင်
(ဦးသိန်းလွင်-ဓမ္မာစရိယ)

# ကျမ်းကိုးများ

၁။ အဘိဓဇ မဟာရဋ္ဌဂုရု သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာ ဘိဝံသ၏ နိုင်ငံတော် ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင် ကျမ်းစာများ

၂။ ဆရာ ဦးလှခင် (ဆန်းညွန့်ဦး) ၏ စာရေးသူ ကျော်ကြား အထူးပြုခံရသည့် ခေတ်မီ ဓမ္မပဒ ကျမ်းစာများ

၃။ သာသနမလ င်္ကာရ သာခဏီ

၄။ သာသနာတော်နှင့် နှီးနွယ် ဆက်သွယ်ရာ ကျမ်းများ

၅။ ဆရာကြီး ဦးသော်ဇင်၏ အဘိဓမ္မာ စသည် စသည်တို့ကို ကိုးကား ရေးသားပါ၏။

တိုင်းရင်းမြန်မာ အစိုးရဆေးခန်းမှူးကြီး (အငြိမ်းစား)

ဆရာကြီး **ဦးစိုးမောင်** ညီဆရာ **ဦးအေးသိန်း**

တို့ကိုယ်တိုင် ဦးစီးကုသပေးနေသော

# မြန်မာစိုးဆေးတိုက်

- အမျိုးသားများမှာဖြစ်ပေါ်တတ်သည့် ဒူလာ၊ ပါဒရက် စသည့်ရောဂါအမျိုးမျိုး
- အမျိုးသမီးများမှာဖြစ်တတ်သည့် မီးယပ်ရောဂါအမျိုးမျိုး
- အထူးအမှာ ●●●●●●●
- နို့နာ၊ ဂရင်ကျိနာ၊ အနာ့ပဆုပ်၊ ဝဲနှင်းခူ၊ အကျိတ်၊ အဖု ကြွပ်နာ နှင့် ကင်ဆာရောဂါ အထူးကုသပါသည်
- ဆရာနှင့် ကိုယ်တိုင်တွေ့ဆုံနိုင်ရန် ကြွ စားပါ

အမှတ်၊ ၂၀၊ ကွင်းကျောင်း၊ ၁၊ လမ်း- အလုံ-ရန်ကုန်